ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 April 2020 ၉၉၈၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သတင်းစကားပါး

နေပြည်တော် ဧပြီ ၁၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး၊ နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -**

ရန်ကုန် မြို့နယ်အချို့အတွက် နေအိမ်တွင်သာ နေထိုင်ရန် အမိန့်ထုတ်ပြန်ခြင်းအပေါ် ပြည်သူတွေရဲ့ ထင်မြင်ချက်များ တက်လာပါတယ်။ ကျန်းမာရေးရှုထောင့်၊ သွားလာရေးရှုထောင့်၊ ဝမ်းစာရေးရှုထောင့်၊ အမြင်အမျိုးမျိုးပါ။


အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး၊ မရှိမဖြစ်လုပ်ငန်းများ ဆက်လည်ပတ်နိုင်အောင်၊ အလုပ်သမားလျှော့ချတာ၊ လခလျှော့ချတာတွေလည်း မဖြစ်ရအောင်၊ နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းပါမယ်။ အလုပ်ဆင်းသူတွေ ကျန်းမာရေးညွှန်ကြားချက်တွေနဲ့ ကိုက်ညီစွာ သွားလာလုပ်ကိုင်နိုင်အောင်၊ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းများ၊ ညှိပြီးလုပ်သွားပါမယ်။

ထပ်ပြီးပြောပါရစေ၊ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ခြင်းက အဓိကပါ။ ဒီအခြေအနေဟာ ဘယ်သူ့အတွက်မှ မလွယ်ပါဘူး။

မနေ့က (မြန်မာသက္ကရာဇ် ၁၃၈၂ ခုရဲ့ နှစ်ဆန်း (၁) ရက်နေ့) ဝေဘာဂီကူးစက်ရောဂါဆေးရုံမှာ COVID-19 စစ်ပွဲကြီးကို ရှေ့တန်းက တိုက်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းနှစ်ဦး၊ စေတနာ့ဝန်ထမ်းတစ်ဦးတို့နဲ့ video တွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။ ဘယ်လိုအခက်အခဲတွေနဲ့ နိစ္စဓူဝ ရင်ဆိုင်နေရတယ်၊ ပစ္စည်းအင်အား၊ လူအင်အား အကန့်အသတ်တွေ ကြားထဲက သည်းခံစိတ်ရှည်စွာနဲ့ လူနာတွေရဲ့လိုအပ်ချက်တွေကို ဘယ်လိုဖြည့်ဆည်းပေးနေတယ်ဆိုတာ ကြားရတော့ ကျေးဇူးတင်၊ လေးစား၊ ဂုဏ်ယူမိပါတယ်။

ဆွေးနွေးပွဲကိုနားထောင်တဲ့ ပရိသတ်တွေကလည်း ဒီလိုပဲ ခံစားကြရတယ် ထင်ပါတယ်။ နေမဝင်မီပဲ၊ ဝေဘာဂီရဲ့ လိုအပ်ချက်အဝဝအတွက် တာဝန်ယူမဲ့ အလှူရှင်တစ်ဦး၊ ပစ္စည်းလှူမဲ့ အလှူရှင်တွေ၊ လုပ်အားပံ့ပိုးမဲ့ အလှူရှင်တွေ၊ ဆက်သွယ်လာပါတယ်။ ဒီကနေ့ဆို ဝေဘာဂီဆေးရုံက လူနာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ပံ့ပိုးကူညီဖို့ အစီအစဉ်တွေ စတင်ချမှတ် အကောင်အထည်ဖော်နေပါပြီ။

ကိုယ့်ရပ်ကိုယ့်ရွာအတွက်၊ ရောဂါခံစားနေရသူတွေအတွက်၊ အများပြည်သူတွေအတွက်၊ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ၊ တတ်အားသမျှ ပံ့ပိုးပေးနေကြသူ အားလုံး ဒီနှစ်သစ်တွင်သာမက အသက်ထက်ဆုံး ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေ။




- **ဒီကနေ့ဆို ဝေဘာဂီဆေးရုံက လူနာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ပံ့ပိုးကူညီဖို့ အစီအစဉ်တွေ စတင်ချမှတ် အကောင်အထည်ဖော်နေပါပြီ။**
- **ကိုယ့်ရပ်ကိုယ့်ရွာအတွက်၊ ရောဂါခံစားနေရသူတွေအတွက်၊ အများပြည်သူတွေအတွက်၊ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ၊ တတ်အားသမျှ ပံ့ပိုးပေးနေကြသူအားလုံး ဒီနှစ်သစ်တွင်သာမက အသက်ထက်ဆုံး ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေ။**


ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်မြို့ရှိ အငှားယာဉ်မောင်းသူ အသင်းအဖွဲ့များ စုပေါင်းကာ အငှားယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

စာမျက်နှာ » ၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ១၅



ကြေးမုံ

# သင်္ဂဟတရားနှင့်အညီ မင်္ဂလာရှိသည့် မြန်မာပြည်

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် နှစ်သစ်သည် မြန်မာပြည်အတွက် မင်္ဂလာရှိသော နှစ်တစ်နှစ်ဟု ဆိုရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးကြုံတွေ့နေရသော ရောဂါကပ်ဘေးကြီးကြားမှ မြန်မာနိုင်ငံအနေဖြင့် အစဉ်အလာတည်ရှိသော သင်္ဂဟတရားနှင့်အညီ မင်္ဂလာအပေါင်းနှင့် ခညောင်းအောင် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

"သင်္ဂဟ" ဆိုသည်မှာ သူတစ်ပါးအား ချီးမြှင့်ခြင်းကို ဆိုသည်။ တစ်ဦးနှင့်တစ်ဦးဆက်ဆံကြရာတွင် ဤသင်္ဂဟတရားသည် အလွန်အရေးကြီးသည်။ အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် ပြည်သူဆက်ဆံကြရာ၌ သင်္ဂဟတရားဖြစ်သည့် ဒါန – ပေးကမ်းထောက်ပံ့ခြင်းဖြင့် ချီးမြှင့်ခြင်း၊ ပေယျဝဇ္ဇ – ချစ်ဖွယ်စကားပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်း၊ အတ္ထစရိယာ – သူ့အကျိုးပြီးမြောက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း၊ သမာနတ္တတာ – ကိုယ်နှင့်ထပ်တူပြုမူဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်းတို့ဖြင့် ဆက်ဆံပါက ဤတိုင်းနိုင်ငံသည် သာယာငြိမ်းချမ်းမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် မင်္ဂလာရှိသော နှစ်သစ်ကူးပြောင်းသည့်ကာလ ကပ်ရောဂါဆိုးကြီးနှင့် တိုက်ဆိုင်ကြုံတွေ့နေရသော အချိန်အခါ၌ နဂိုရှိရင်းစွဲ သင်္ဂဟတရားများကို အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်ပြည်သူ ကြည်ဖြူစွာဆက်ဆံပြုမူနေကြသည်ကို မင်္ဂလာရှိစွာ မြင်တွေ့ကြရခြင်းအားဖြင့် ကပ်ရောဂါနှင့်ဆက်စပ်သည့် ဒုက္ခဆင်းရဲအပေါင်းမှ အချိန်ကာလမကြာဘဲ လွန်မြောက်ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံသည် သင်္ဂဟတရားများ ထွန်းကားရင်းစွဲရှိသည့် နိုင်ငံဖြစ်သည်။ ကပ်ရောဂါဘေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသည်ဖြစ်သော်ငြားလည်း အခြားနိုင်ငံကြီးများကဲ့သို့ ဆိုးဆိုးရွားရွား ဖြစ်ပေါ်ခြင်းမရှိသေးဘဲ ဖြစ်ပေါ်နေသည့်အတိုင်းအတာ၌ပင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြသည်မှာ သင်္ဂဟတရားနှင့်အညီ ဖြစ်သည်။

ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အစိုးရနှင့်ပြည်သူတို့က စိတ်ရော ကိုယ်ပါ စေတနာသဒ္ဓါထက်သန်စွာဖြင့် ပေးကမ်းချီးမြှင့်ထောက်ပံ့ကြသည်မှာ များစွာဝမ်းမြောက်ကြည်နူးဖွယ်ဖြစ်သည်။ ရောဂါနှင့်ပတ်သက်၍ နောက်ဆက်တွဲအကျိုးဆက်များကြောင့် အခြေခံပြည်သူများ စားရေး သောက်ရေးအခက်အခဲဖြစ်နေ၍ နိုင်ငံတစ်ဝန်းတွင် စားသောက်ကုန်များ ဖြန့်ဝေထောက်ပံ့ပေးကြသည်မှာ ကာလဒါန ပြုလုပ်ခြင်းဖြစ်သည်။ ရောဂါနှင့်ပတ်သက်၍ တာဝန်အရဖြစ်စေ၊ စေတနာ့ဝန်ထမ်းအရဖြစ်စေ သူတစ်ဦးအား ကိုယ်နှင့်ထပ်တူ ပြုစုစောင့်ရှောက်ကြခြင်းဖြစ်၍ အလွန်မွန်မြတ်သော လုပ်ဆောင်မှုများဖြစ်သည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း မြန်မာပြည်တစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးရှိ အကျဉ်းသူ အကျဉ်းသားများအား ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ပြုလုပ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

ပြည်သူ ပြည်သားများ ရောဂါဘေးမှကင်းဝေးပြီး စိတ်အေးချမ်းသာစေရေးအတွက် အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်ပြည်သူ သင်္ဂဟတရားများနှင့်အညီ ချီးမြှင့်ထောက်ပံ့ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးကြသည်မှာ ကောင်းသောမင်္ဂလာအဖြာဖြာဖြစ်၍ ချီးမြှင့်ထောက်ပံ့ကူညီစောင့်ရှောက်ပေးသူများကို ကျန်ပြည်သူ ပြည်သားများက ဂုဏ်ပြုအသိအမှတ်ပြုကြရမည်ဖြစ်သလို ထိုစေတနာအား ပြန်လည်တုံ့ပြန်ကြပြီး ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာခြင်းဖြင့် ပြန်လည်ကူညီကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာပြည်သည် သင်္ဂဟတရားထွန်းကားသည့် မင်္ဂလာအပေါင်းနှင့် ခညောင်းသောနိုင်ငံဖြစ်သည်နှင့်အညီ သင်္ဂဟတရားလေးပါးနှင့် ချီးမြှင့်ထောက်ပံ့ ကူညီစောင့်ရှောက်နေကြသည်ကို ဝမ်းမြောက်နှမော်သာခုခေါ်ကြပြီး ကြုံတွေ့နေရသော ကပ်ဘေးရောဂါ၊ ဒုက္ခဆင်းရဲအပေါင်းမှ ပြည်သူ ပြည်သားအပေါင်းတို့ လွတ်မြောက်ရေးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားများ ထွန်းကားအောင် ဆက်လက်အားထုတ်လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။ ။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်း သို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မုဒုံမြို့နယ်ရှိဈေးအချို့တွင် ခြောက်ပေကွာ သတ်မှတ်ရောင်းချခြင်းနှင့် ယာယီဈေးဖွင့်လှစ်

မုဒုံ ဧပြီ ၁၈

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ပြည်သူများ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မုဒုံမြို့ပေါ်ရှိ ဈေးအချို့



တွင် ခြောက်ပေအကွာ သတ်မှတ်ရောင်းချခြင်းနှင့် ယာယီဈေးကို အ.ထ.က (၁) မုဒုံကျောင်းနောက်ရှိ ဘောလုံးကွင်း၌ စတင်ဖွင့်လှစ်ကြောင်း သိရသည်။

ထိုသို့ ယာယီဈေးဖွင့်လှစ်နိုင်ရန်အတွက် မုဒုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန့်စင်ညိမ်းနှင့် တာဝန်ရှိသူများက စုပေါင်း၍ မုဒုံမြို့ပေါ်ရှိ ရပ်ကွက်ဈေးများအနက် ဧရိယာကျယ်ဝန်းသော ဈေးများအား အကွာအဝေး ခြောက်ပေ သတ်မှတ်ရောင်းချခြင်း၊ ဧရိယာကျဉ်းသော ဈေးများအား အထက(၁) မုဒုံကျောင်းအနောက်ရှိ ဘောလုံးကွင်းသို့ ယာယီပြောင်းရွှေ့ရောင်းချနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။

**အသိပေးနှိုးဆော်**

မုဒုံမြို့နယ်ရှိ မြို့ပေါ်ဈေးများ၌ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် သတ်မှတ်အကွာအဝေးနေရာများတွင် ရောင်းချဝယ်ယူရေး၊ သားငါးရောင်းချသူများအနေဖြင့် နှာခေါင်းစည်းတပ်ရန်၊ လက်အိတ်များကို အသုံးပြုရန်၊ ဈေးဝယ်သူများအနေဖြင့်လည်း နှာခေါင်းစည်းတပ်စေရန်၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် စည်းကမ်းတကျစွန့်ပစ်ရေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုရီးယားသမ္မတနိုင်ငံ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု အတွေ့အကြုံများဝေမျှမှု webinar စနစ်ဖြင့်ပြုလုပ်သည့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်





**နေပြည်တော် ဧပြီ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ပြုလုပ်ခဲ့သော webinar စနစ်ဖြင့် ပြုလုပ်ခဲ့ပြီး အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများမှ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းဆောင်ရွက်နေသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ၏ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုအတွေ့အကြုံများဝေမျှမှု အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ Institute for Global Engagement & Empowerment at Yonsei University ၏ ဥက္ကဋ္ဌ Professor Sohn Myongsei က အဖွင့်အမှာစကား ပြောကြားသည်။

**အကျိုးရှိစေမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ၏ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများကို ငွေကြေးနှင့် စွမ်းအားစုများအား အကျိုးရှိထိရောက်စွာနှင့် စွမ်းရည် မြင့်မားစွာဆောင်ရွက်ခဲ့သည့် နည်းဗျူဟာများ(cost effective and efficient measures)၊ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့မှု(time efficient and responsive)များ စသည့် အတွေ့အကြုံများကိုဝေမျှကာ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခြင်းသည် မိမိတို့နိုင်ငံအတွက် သာမက ယခုအစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့ အလယ်ပိုင်းနိုင်ငံများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊

မိမိတို့မြန်မာနိုင်ငံအနေဖြင့် COVID–19 ဖြစ်ပွားသူဦးရေ ရုတ်ချည်းတက်မလာစေရန်၊ ရောဂါဖြစ်ပွားသူထံမှ အခြားသူများထံ ရောဂါကူးစက်မှုမရှိစေရန် ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများကို အစွမ်းကုန် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် မတူသော ထူးခြားသည့်အခြေအနေတစ်ခုမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ ထောင်သောင်းချီ၍ ပြန်လည်ဝင်ရောက်လာမှုများရှိနေ၍ ထိုသူများမှ တစ်ဆင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါကြောင်း၊ ဤစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ အားလုံးပူးပေါင်း၍ ဆောင်ရွက်နေသည်ကို အသိပေးပြောကြားလိုပါကြောင်း၊

**ပြန်လည်မျှဝေစေလို**

ထို့အပြင် ယနေ့ webinar အစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အတွေ့အကြုံများသည် နိုင်ငံအားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ယခု webinar အစည်းအဝေး၌ တင်ပြဆွေးနွေးသည့် presentation များကိုလည်း ပြန်လည်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

Graduate School of Public Health ၏ Dean Professor Jonguk Won က လက်ရှိ ကိုရီးယားသမ္မတနိုင်ငံ၏ ရောဂါနှင့်ပတ်သက်သည့် အခြေအနေများ(Current situation of Korea) နှင့် ရောဂါများကို မည်သို့မည်ပုံနည်းဖြင့် ထိန်းချုပ်နေသည်ကိုလည်းကောင်း၊

Yonsei University မှ Professor So Yoon Kim က အမျိုးသားအဆင့် စီမံခန့်ခွဲမှုနှင့် ပြည်သူများထံ ဆက်သွယ်ပြောကြားမှု (National management and public communication)ကို လည်းကောင်း၊

Yonsei University မှ Professor Lee, Hyuk Min က သံသယလူနာ ရှာဖွေဖော်ထုတ်မှုနည်းစနစ်နှင့် ဓာတ်ခွဲစစ်ဆေးမှု (testing and laboratory arrangement နှင့် identification of suspects)ကို လည်းကောင်း၊

Yonsei University မှ Chairman Mr. Kyoung R.Lee က ကမ္ဘာ့ကပ်ရောဂါအတွက် ဓာတ်ခွဲခန်းဆိုင်ရာ စွမ်းဆောင်ရည်များအား ကြိုတင်ပြင်ဆင်ခြင်း (preparation for pandemic laboratory competency) ကိစ္စရပ်များကို လည်းကောင်း၊

Yonsei University မှ Professor H. Kim က ဓာတ်ခွဲအတည်ပြုလူနာများအား သီးခြားထားရှိကုသခြင်းနှင့် နီးကပ်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း ပုံစံများ၊ သတင်းအချက်အလက်များရရှိရန် ဆောင်ရွက်သည့် ပုံစံများ၊ လူနာကုသမှုပိုင်းဆိုင်ရာ အကြောင်းအရာများ(Infected isolation and tracing of contacts management, data reporting system, patient classification and treatment နှင့် treatment procedures and methods and organization)ကို လည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။

**မေးမြန်းဆွေးနွေးခဲ့ကြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ တာဝန်ရှိသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး Yonsei University မှ ပညာရှင်များက ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မေးမြန်းဆွေးနွေးခြင်းများသည် အကျိုးရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် rapid diagnostic test kit များ၏ အခန်းကဏ္ဍ၊ COVID–19 လူနာများတွင် ဗိုင်းရပ်စ်ပိုးပွားများ ထုတ်လုပ်မှု အချိန်ကာလ(Viral shedding duration)၊ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံနှင့် သုတေသနရလဒ်များတို့နှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များကို မေးမြန်းသည်။

**တက်ရောက်**

အဆိုပါ Webinar အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် တာဝန်ရှိသူများ၊ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများမှ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းဆောင်ရွက်နေသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## Posco International Myanmar မှ COVID-19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်း




**ရန်ကုန် ဧပြီ ၁၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Posco International Myanmar မှ COVID–19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန ရန်ကုန်ရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက အဖွင့်အမှာစကား ပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် Posco International Myanmar မှ မန်နေးဂျင်းဒါရိုက်တာ Mr. Song Hoon Lee က COVID–19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် Posco Internatio–nal Myanmar မှ မန်နေးဂျင်းဒါရိုက်တာ Mr. Song Hoon Lee တို့က COVID–19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုယ်စား ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ်(MNA)**

# ရန်ကုန်မြို့ရှိ အငှားယာဉ်မောင်းသူ အသင်းအဖွဲ့များစုပေါင်းကာ အငှားယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲဘော်ဟောင်းမှတ်တိုင် အနီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်မှုအနေဖြင့် အငှားယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အငှားယာဉ်မောင်းသူ အသင်းအဖွဲ့များ စုပေါင်းပြုလုပ်ကြသည်။

Happy Taxi ယာဉ်မောင်းသူများအသင်းတည်ထောင်သူ ကိုချမ်းက "ဒီရပ်ကွက် အတွင်းလမ်းတွေမှာ ပိုးသတ်ဆေးဖျန်းရင်းနဲ့ လမ်းပေါ်မှာ သွားလာနေတဲ့ အငှားယာဉ်တွေကို ပိုးသတ်ဆေးဖျန်းပေးကြတာပါ။ အငှားယာဉ်ရယ်လို့ သီးခြားသတ်မှတ်ပြီးဖျန်းပေးတာ မဟုတ်ပါဘူး။ ဆေးဖျန်းချင်တဲ့ ကားအားလုံးကို ဖျန်းပေးတာပါ။ လမ်းပေါ် ဖြတ်သန်းသွားလာကြတဲ့ အငှားယာဉ်အများစုကတော့ ဝင်ရောက်ဆေးဖျန်းတာမျိုးတွေလုပ်ကြပါတယ်။ ဆေးဖျန်းခံကြတဲ့ အငှားယာဉ်တွေကိုလည်း နံနက်စာ လှူဒါန်းမှုတွေပြုလုပ်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါနေရာရှိ ကျိုက်ဝိုင်းဘုရားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာသည့် အငှားယာဉ်များနှင့် ကိုယ်ပိုင်မော်တော်ယာဉ်အချို့အပါအဝင် မော်တော်ယာဉ်အစီးရေ ၁၀၀၀ ခန့်အား ပိုးသတ်ဆေးဖျန်းပေးကြသည့်အပြင် မရမ်းကုန်းမြို့နယ်အခြေစိုက် မြတ်ကုသိုလ် လူမှုကူညီရေးအသင်းနှင့်ပူးပေါင်းကာ အဆိုပါမြို့နယ်ရှိ အမှတ်(၄) ရပ်ကွက်အတွင်း လမ်းများပေါ်၌ ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ဆောင်ရွက်ကြသည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းက "အခုလို ဆောင်ရွက်မှုတွေက အင်မတန်ကောင်းပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးဟာ တစ်ဦးကောင်းနဲ့မရပါဘူး။ အားလုံးမှာ တာဝန်ရှိသလို အားလုံးဝိုင်းဝန်းဆောင်ရွက်မှုနဲ့ ကာကွယ်ကြဖို့လိုပါတယ်။ အခုအချိန်မှာ ယာဉ်မောင်းသူနဲ့ ယာဉ်စီးနင်းသူတွေအပါအဝင် ပြည်သူအားလုံးအပြင်ထွက်တဲ့အခါမှာ နှာခေါင်းစည်းတပ်ဖို့ အထူးပဲအရေးကြီးပါတယ်" ဟု ပြောသည်။

မော်တော်ယာဉ်မောင်းနှင်သူများ၊ လိုက်ပါစီးနင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပါအဝင် ပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှ ကင်းဝေးစေရန်နှင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်ရည်ရွယ်ကာ ထိုသို့ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် ရန်ကုန်မြို့ လေဆိပ်၊ ရေဆိပ်နှင့် ရန်ကုန်ဘူတာကြီးတို့ရှိ အငှားယာဉ်ဂိတ်များ အပါအဝင် လူစည်ကားရာနေရာများရှိ အငှားယာဉ်ဂိတ်များတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။




အလားတူ လူမှုရေးအသင်းအဖွဲ့များကလည်း ရန်ကုန်မြို့ရှိ ရပ်ကွက်များ အတွင်းရှိ လမ်းများ၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ထုံးဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ရာသီပေါ်သီးနှံ မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းဖြင့် စတင်ထွက်ရှိလာ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ ရာသီပေါ်သီးနှံအဖြစ် စတင်ထွက်ရှိလာသည့် ရောင်းတန်းဝင် မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းမွန်စွာဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။



ယခုနှစ်ရာသီတွင် ထွက်ရှိလာသည့် စိန်တလုံးသရက်သီးများမှာ အဖွင့်ဈေးကောင်းမွန်ခြင်းအတွက် ဈေးနှုန်းသင့်တင့်ခြင်းများအပြင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် နယ်စပ် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်းများလည်း ချောမွေ့နေသဖြင့် ယခုလို ဈေးဦးကောင်းသည့်အချိန်တွင် ဈေးကွက်ထိခိုက်မှုမဖြစ်ပေါ်စေရန် အရည်အသွေးပြည့်ဝသည့် သရက်သီးများကိုသာ တင်ပို့ရောင်းချကြရန် မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြေညာချက်ထုတ်ပြန်ထားကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်- ၁၉ ရောဂါကြောင့် ကျွန်တော်တို့ရဲ့ သရက်ဈေးကွက်ကို ထိခိုက်မှုမရှိခဲ့ပါဘူး။ လောလောဆယ်မှာ အဖွင့်ဈေးကလည်း ကောင်းပြီး အထွက်နှုန်းကလည်း သင့်တင့်တဲ့အပြင် တင်ပို့တဲ့ လမ်းကြောင်းကလည်း အဆင်ပြေနေတဲ့အတွက် အခုလို ဈေးဦးပေါက်ကောင်းနေတဲ့အချိန်မှာ မရင့်သေးတဲ့အသီးတွေ ရောပြီး ထည့်ရောင်းလို့ ဈေးနှိမ်ဝယ်ယူပြီး ဈေးကွက်ပျက်သွားမှာကို စိုးရိမ်ပါတယ်။ ဒါကြောင့် တောင်သူအချင်းချင်း၊ ပွဲစားကုန်သည်အချင်းချင်း အကျိုးကိုငဲ့ညှာပြီး ဈေးကွက်ထဲကို သရက်သီးရဲ့ အနံ့အရသာနဲ့ အထားခံနိုင်မှုအခြေအနေကို တွက်ဆပြီး အမှန်တကယ် ရင့်တဲ့အသီးတွေကိုသာ ခူးဆွတ်တင်ပို့ရောင်းချကြဖို့ အသင်းအနေနဲ့ သရက်စိုက်တောင်သူတွေကိုယ်စား ကြေညာချက်ထုတ်ပြန်ပြီး မေတ္တာရပ်ခံထားပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိမူဆယ်ဈေးကွက်တွင် စိန်တလုံးသရက်သီးများအား 16 Kg တစ်ခြင်းလျှင်(ကားခနှင့် ခြင်းဖိုးမပါ) အသားတင် ပေါက်ဈေး ငွေကျပ် ၂၅၀၀၀ ဝန်းကျင် ရရှိနေပြီး ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ဈေးကွက်ကို ထိခိုက်မှုမရှိသော်လည်း သရက်သီးများအား အိတ်စွပ်ရန်အတွက် သရက်ခြံများရှိရာ ကျေးရွာများသို့ အလုပ်သမားများ ဝင်ရောက်ရန် အခက်အခဲများနှင့် သရက်သီးမှ အနှစ်ထုတ်လုပ်မည့် ပြည်တွင်းကုမ္ပဏီများအနေဖြင့် လုပ်သားခက်ခဲမှုပြဿနာများရှိနေကြောင်း ၎င်းက ဆက်ပြောသည်။

လာမည့်ရက်ပိုင်းအတွင်း၌ မြင်းခြံ၊ မလှိုင်မြို့နယ်များမှ ထွက်ရှိလာမည့် စိန်တလုံးသရက်များ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာမည့်အပြင် မေလအတွင်း၌ အရည်အသွေးအကောင်းဆုံး စိန်တလုံးသရက်သီးများ ဈေးကွက်အတွင်း လှိုင်လှိုင်ပေါ် ထွက်လေ့ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်း၌ သရက်စိုက်ဧက ၃၂၅၇၅ ဧကရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ် ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင်တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကိုစနစ်တကျ မကြာခဏ ဆေးကြောပါ၊
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ၊
- စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ၊
- နေ့စဉ်ကိုယ်ပူချိန်တိုင်းခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးခြင်းနှင့် ပညာပေးခြင်းတို့ကို စခန်းတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စနစ်တကျအလှည့်ကျတာဝန်ယူ ဆောင်ရွက်ပါ၊
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့သွားလာခြင်း မပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာခြင်း၊ ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (သို့မဟုတ်) အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်ဆေးခြင်းများကို တိကျစွာ ဆောင်ရွက်ပါ၊
- စခန်းတွင်းသို့ ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ၊
- COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်ပါ၊
- COVID-19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ၊
- COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**




## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

## လှိုင်းဘွဲမြို့နယ်၌ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ဖြန့်ဝေမှုပြီးစီး

**လှိုင်းဘွဲ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီများကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ လက်ဝယ်အရောက်ဖြန့်ဝေပြီးစီးကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ်၏ ရပ်ကွက်/ကျေးရွာအုပ်စု ၈၅ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၁၄၄၄၀ တို့အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ခြင်းကို မေ ၁၀ ရက်မှစတင်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦးနှင့် ဒေါ်နန်းမိုးမိုးထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေခြင်းကို လှိုင်းဘွဲမြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ စု၊ အိမ်ထောင်စု ၉၂၇၅ စု၊ ပိုင်ကျုံမြို့တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စု၊ အိမ်ထောင်စု ၃၆၁၇ စု၊ ရှမ်းရွာသစ်မြို့တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးအုပ်စု အိမ်ထောင်စု ၁၅၄၈ စုတို့ကို ပြည်သူများလက်ဝယ်အရောက် မေ ၁၇ ရက်က အပြီးဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်တွင် အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးပြီးဖြစ်

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၂၈ မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်(၅)မျိုးကို ဖြန့်ဖြူးထောက်ပံ့ပေးလျက်ရှိရာ မေ ၁၇ ရက်က မြို့နယ် ၁၉ မြို့နယ်တွင် ထောက်ပံ့ပေးမှု ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၌ အိမ်ထောင်စု စုစုပေါင်း ၆၃၇၈၂၇ စုရှိသည့်အနက် မေ ၁၇ ရက်တွင် အိမ်ထောင်စု စုစုပေါင်း ၁၀၄၄၉၅ စုအား ထောက်ပံ့ပေးနိုင်ခဲ့ပြီး ပဲခူးမြို့၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဝေါ၊ ကဝ၊ သနပ်ပင်၊ ထန်းတပင်၊ အုတ်တွင်း၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း စသည့်မြို့နယ် ၁၉ မြို့နယ်တို့တွင် နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံစားသောက်ကုန်(၅)မျိုးဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်သွန်တို့အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး ကျန်မြို့နယ်များတွင်လည်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။



**တင်စိုး (ပဲခူး)**

## ဝက်လက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

**ဝက်လက် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ မြို့မဈေးအတွင်း ရောင်းချနေသော သား/ငါး၊ ကုန်စိမ်းဈေးသည်များနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက် ၅ နာရီက ရွှေလုံ့ဗိုလ်ကစားကွင်း၌ ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့မဈေးအတွင်း/အပြင်ဆိုင်ခန်းများတွင် ရောင်းချနေသော ဈေးသည်များအား ဈေးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှသာ စတင်ရောင်းချစေကာ၊ ဈေးအတွင်း ရောင်းချသော သား/ငါး နှင့် ကုန်စိမ်း ဈေးသည်များကို နံနက် ၅ နာရီတွင် ရွှေလုံ့ဗိုလ်အားကစားကွင်းအတွင်း ခြောက်ပေကွာ သတ်မှတ်၍ စနစ်တကျရောင်းချနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးခဲ့သည်။

ရွှေလုံ့ဗိုလ်အားကစားကွင်းအတွင်း လာရောက်ရောင်းချသော ဈေးသည်များနှင့် ဈေးလာဝယ်သူများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဝင်ရောက်စေခြင်း၊ အဝင်ပေါက်တွင် အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းမပါသော ဈေးလာဝယ်သူများကိုလည်း နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်း၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမှတ် (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးစိုးလှိုင်(ဝက်လက်)**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါ အချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို သတိထားသွားစေလို

## မောင်သောင်းဝင်း(တမန်ဟောင်း)

ယခုနှစ်နွေရာသီအပူချိန်သည် မတ်လဆန်းကတည်းက စံချိန်တင်မြင့်တက်လျက်ရှိသည်။ တချို့သော ဒေသများတွင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိပင်ရှိနေပြီဖြစ်သည်။ ထိုသို့အပူချိန်မြင့်မားသော နေ့ခင်းဘက်တွင် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်း မြင့်မားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် နွေရာသီရောက်လျှင် ပြည်သူများအတွက် ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်လေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် နွေရာသီ၌ ခရမ်းလွန်ရောင်ခြည် ပိုမိုကျရောက်လေ့ရှိသည်။ ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာအထိပင် ဖြစ်ပွားနိုင်သဖြင့် ထိုဒေသများရှိ ပြည်သူများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အထူးဂရုပြုကာကွယ်သွားသင့်ပါသည်။

### ခရမ်းလွန်ရောင်ခြည် ဘယ်နှမျိုးရှိသလဲ

ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV) သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့်ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ၎င်းရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့်စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်ကို အခြေခံအားဖြင့် Ultraviolet A – UVA၊ Ultraviolet B – UVB နှင့် Ultraviolet C –UVC တို့ကိုသာ လူသိများကြသည်။ ထို့အပြင် Near Ultraviolet – NUV၊ Middle Ultraviolet MUV၊ Far Ultraviolet– FUV၊ Hydrogen Lyman– alpha – H lyman–α၊ Vacuum Ultraviolet–VUV နှင့် Extreme Ultraviolet–EUV တို့ကိုလည်း တွေ့ရှိနိုင်ပါသည်။

### အညွှန်းကိန်းမြင့်မားလေလေ အန္တရာယ်ကြီးမားလေလေ

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီနှင့် ခရမ်းရောင်ဟူ၍ ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်း သုည မှ ၂ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးသည်။ ထိုအခြေအနေမျိုးတွင် ပြင်းထန်သည့်နေရောင်အောက်သို့ သွားလာမည်ဆိုပါက နေကာမျက်မှန်၊ နေပူခံခရင်နှင့် လိမ်းဆေးတို့ အသုံးပြုထားသင့်သည်။ အဝါရောင်သည် အညွှန်းကိန်း ၃ မှ ၅ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည် အတန်အသင့်ပါဝင်လာပြီ ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သတိထားရတော့မည် ဖြစ်သည်။ နေရောင်ခြည်အောက်သို့သွားလာမည်ဆိုလျှင်နေရောင်မထိအောင် လုံလုံခြုံခြုံဝတ်ဆင်သွားရန် လိုအပ်သည်။ အထူးသဖြင့် အပူချိန်မြင့်မားသည့် နေ့ခင်းဘက်တွင် အရိပ်အာဝါသအောက်တွင်သာ နေထိုင်သင့်သည်။

လိမ္မော်ရောင်သည် အညွှန်းကိန်း ၆ မှ ၇ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်ခြင်းမှ ကာကွယ်နိုင်သည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်များဆောင်းခြင်း၊ နေလောင်ဒဏ်ကာကွယ်သည့်ခရင် (Sun Protection Factor– SPF) များ ကြိုတင်သုံးစွဲခြင်း၊ နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို အတတ်နိုင်ဆုံး ရှောင်ရှားသွားရန် လိုအပ်လာပြီဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်း ၈ မှ ၁၀ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း အလွန်မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ကာကွယ်သည့် ခရင်များသုံးစွဲခြင်း၊ နေရောင်ခြည်အကာအကွယ်ပေးသည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ နေရောင်ခြည် ကာကွယ်နိုင်သည့် ဦးထုပ်နှင့် ထီးတို့ကို ဆောင်းခြင်းနှင့် နေရောင်ခြည်အောက်သို့ ကြာမြင့်စွာသွားလာခြင်းတို့ကို အထူးဂရုပြုရှောင်ရှားသွား ရန် လိုအပ်သည်။

**အထူးသဖြင့် ကမ္ဘာကြီး တဖြည်းဖြည်း ပူနွေးလာမှုကြောင့် နွေရာသီတွင် အပူချိန်ပြင်းထန်လျက်ရှိသည်။ ထိုသို့ ပူပြင်းလွန်းလှသည့် နေရောင်ခြည်နှင့်အတူ ခရမ်းလွန်ရောင်ခြည်များ ပါလာလေ့ရှိသည်။ လူတစ်ဦးသည် အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ ကြာမြင့်စွာကျရောက် ထိတွေ့ခံရပါက အသားရေများ နေလောင်ခြင်း၊ အရေပြားကင်ဆာ ဖြစ်ပွားခြင်း၊ အမြင်အာရုံချို့ယွင်းခြင်းတို့အပြင် သားသမီးရနိုင်မှု အလားအလာကိုလည်း ထိခိုက်စေနိုင်**

ခရမ်းရောင်သည် အညွှန်းကိန်း ၁၁ နှင့် အထက်ရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားနေသည့် အန္တရာယ်ရှိသောအဆင့်ဖြစ်သည်။ အဘက်ဘက်မှသတိထားရမည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံခရင်များသုံးစွဲခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည်အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းခြင်း၊ အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် နေ့လယ်ပိုင်းတို့တွင် တတ်နိုင်ပါက နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ ဆိုရလျှင် ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည် ဖြစ်သည်။ လွန်ကဲစွာကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်အထိခံစားရမည် ဖြစ်သည်။

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးသည့် အိုဇုန်းလွှာ

နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV) အား ရောင်ခြည်ဖြာထွက်မှု အလျားကို အခြေခံလျက် UV–a၊ UV–b နှင့် UV–c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် (UV–c) အပေါ် ထိရောက်စွာ တုံ့ပြန်နိုင်ပြီး ကမ္ဘာမြေပြင်အထက် မိုင် ၂၀ ခန့်အကွာတွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV–a) အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာ ရှိသော်လည်း ၎င်းရောင်ခြည်သည် နေလောင်ခြင်း၊ သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV–b) သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိစေသည့် ရောင်ခြည်တစ်မျိုး ဖြစ်သည်။ လူခန္ဓာကိုယ်ပေါ်သို့ ၎င်း (UV–b) တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအား ပြင်းထန်စွာခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV–b) အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာပျက်စီးမှုကြီးမားလာမည်ဆိုလျှင် ကမ္ဘာမြေပေါ်သို့ (UV–b) ကျရောက်မှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို သတိထားသွားစေလို

ယခုလို အပူချိန်ပြင်းထန်သည့်နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်သည်။ ထိတွေ့မှုကာလ ကြာမြင့်လာသည့်အခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် လုပ်ငန်းတာဝန်များဖြင့် အပြင်သို့ ထွက်ကြရမည်ဆိုလျှင်၊ အထူးသဖြင့် လက်လုပ်လက်စား ပြည်သူများအနေဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် အပြင်သို့ထွက်ကြရမည်ဆိုလျှင် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်သွားသင့်ပေသည်–

(၁) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့် အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြည်ခြင်း။

(၂) အပြင်ထွက်ရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါလုံခြုံသော ထီး၊ ဦးထုပ်များ ဆောင်းသွားခြင်း။

(၃) နေရောင်ထိတွေ့နိုင်သည့်အသားရေများကို SPF 15+ ကြိုတင်လိမ်းသွားခြင်း။

(၄) နေကာမျက်မှန်တပ်၍ သွားလာခြင်း။

(၅) ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ခြင်း။

(၆) သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ အနေဖြင့် အထူးဂရုပြု ကာကွယ်ပေးခြင်း။

ဆိုရလျှင် လူသားတို့၏ပယောဂကြောင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကို ခပ်စိပ်စိပ်ကြုံတွေ့နေရပြီ ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာကြီး တဖြည်းဖြည်း ပူနွေးလာမှုကြောင့် နွေရာသီတွင် အပူချိန်ပြင်းထန်လျက်ရှိသည်။ ထိုသို့ ပူပြင်းလွန်းလှသည့် နေရောင်ခြည်နှင့်အတူ ခရမ်းလွန်ရောင်ခြည်များ ပါလာလေ့ရှိသည်။ လူတစ်ဦးသည် အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ ကြာမြင့်စွာ ကျရောက်ထိတွေ့ခံရပါက အသားရေများ နေလောင်ခြင်း၊ အရေပြားကင်ဆာ ဖြစ်ပွားခြင်း၊ အမြင်အာရုံချို့ယွင်းခြင်းတို့အပြင် သားသမီးရနိုင်မှု အလားအလာကိုလည်း ထိခိုက်စေနိုင်ပါသည်။

မည်သို့ပင် ဆိုစေကာမူ ယခုလို အပူချိန်ပြင်းထန်သည့် နွေရာသီတွင် ခရမ်းလွန်ရောင်ခြည် ကျရောက်ထိတွေ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံအဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်များ တပ်ဆင်ခြင်း၊ ဦးထုပ်နှင့် ထီးများ ဆောင်းခြင်း၊ နေလောင်ခံခရင်များ အသုံးပြုခြင်း၊ နေ့ခင်းဘက်တွင် အရိပ်အာဝါသကောင်းသည့် နေရာများတွင်သာ နေထိုင်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်သွားစေလိုပါသည်။ ။

# ငွါသရောက်မြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်တောင်သူများ ဧက ၇၀၀ စိုက်ပျိုးအောင်မြင်

**ငွါသရောက် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငွါသရောက်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကွင်း နွေပဲတီစိမ်းစိုက်တောင်သူများ ပဲတီစိမ်းများအောင်မြင်ဖြစ်ထွန်းကာ ဆွတ်ခူးရောင်းချချိန် ဈေးနှုန်းကောင်းရရန် မျှော်လင့်နေကြကြောင်း နွေပဲတီစိမ်းစိုက်တောင်သူ ဦးဆန်းကျော်ကပြောကြားသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကျေးရွာကွင်းတွင် နွေပဲတီစိမ်းစိုက်ဧက ၇၀၀ ကျော်ရှိပြီး ပဲတီစိမ်းစိုက်ခင်းများကောင်းမွန်ကာ ပဲတီစိမ်း ဆွတ်ခူးရောင်းချချိန် ဈေးနှုန်းကောင်းရန် မျှော်လင့်နေကြောင်း နွေပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။ “မနှစ်က နွေပဲတီစိမ်းပေါ်ချိန် တစ်တင်းကို ငွေကျပ် ၃၉၀၀၀ နဲ့ ရောင်းချရပြီး ပဲတီစိမ်းစိုက်တောင်သူများ အကြိုက်ဈေးနှုန်းဖြစ်ခဲ့ကာ ယခုနှစ်ပဲတီစိမ်းပေါ်ချိန်မှာ မနှစ်ကဈေးနှုန်းမျိုးရရှိဖို့ တောင်သူများမျှော်လင့်ကြောင်း” ၎င်းက ပြောကြားသည်။ နွေပဲတီစိမ်း စတင်စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီလလယ်လောက်တွင် စတင်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး လေးဆယ့်ငါးရက်ရှိလျှင် ပဲတီစိမ်း အဖူး၊ အပွင့်များ စတင်ပွင့်ပြီး ရက်ခြောက်ဆယ် (နှစ်လ)ပြည့်လျှင် စတင်ခူးဆွတ်ရကြောင်း၊ ထွက်ရှိလာသည့် နွေပဲတီစိမ်းများကို ပခုက္ကူဈေးကွက်သို့ ရောင်းချကြကြောင်း သိရသည်။ ငွါသရောက်မြစ်ရေတင်မှ ရေသွင်းခ တစ်ဧကလျှင် နွေပဲတီစိမ်းတစ်သီးအပြီးထိ သုံးထောင်ကျပ် ပေးသွင်းရပြီး ရေသွင်းအကြိမ်ရေ ငါးကြိမ်၊ ခြောက်ကြိမ်ထိ သွင်းပေးရကြောင်း၊ နွေပဲတီစိမ်း ဆွတ်ခူးချိန် ဈေးနှုန်းကောင်းရန် ငွါသရောက် မြစ်ရေတင် ပဲတီစိမ်းစိုက်တောင်သူများ မျှော်လင့်ကြောင်း သိရသည်။

ကိုထိန် (ငွါသရောက်)



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင် စုရပ်ခုနစ်ခုဖြစ်သော အမျိုးသားကျောင်းတိုက် ကရချောင်းဘုန်းကြီးကျောင်း၊ ဃောသိတာရုံဘုန်းကြီးကျောင်း၊ ဗုဒ္ဓမော်ဘုန်းကြီးကျောင်း၊ မဟာမုနိဗုဒ္ဓဝိဟာရဘုန်းကြီးကျောင်း၊ မဟာဇေယျသိဒ္ဓိဘုန်းကြီးကျောင်း၊ ဆည်းကြီးဘုန်းကြီးကျောင်းနှင့် IDP စခန်းတစ်ခုဖြစ်သော ဘာဆာရာ IDP စခန်းသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာတစ်တောင့်နှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၅၂၄ စုအတွက် ဆပ်ပြာတောင့် ၅၂၄ တောင့်နှင့် နှာခေါင်းစည်း ၁၀၄၈ ခုထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်ကြသော မဟာဝိဇယာရာမကျောင်း၊ ဆုတောင်းပြည့်ကျောင်း၊ ဒက္ခိဏ်ကျောင်းတိုက်၊ မဟာအောင်မြေဘုံကျောင်း၊ တေဇာရာမကမ္မဋ္ဌာန်းကျောင်း၊ သာသနာ့ဗိမာန်ကျောင်းများသို့ သွားရောက်လျက် အိမ်ထောင်စု ၇၃ စုအတွက် ဆပ်ပြာတောင့် ၇၃ တောင့်၊ နှာခေါင်းစည်း ၁၄၆ ခုကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်၊ မေပြီနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများစတင်ဖြစ်ပွားလျက်ရှိရာ မေ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ နေအိမ်ခုနစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၉၆ လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ နေအိမ် ၂၁ လုံး၊ အရာတော်မြို့နယ်၌ နေအိမ်သုံးလုံး စုစုပေါင်း နေအိမ် ၂၄ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်တွင် နေအိမ်လေးလုံး၊ ဖယ်ခုံမြို့နယ်တွင် နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ နေအိမ်လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ နေအိမ်ကိုးလုံးနှင့် ဘာသာရေးကျောင်းတစ်ကျောင်း အမိုးအကာလန်ပျက်စီးခြင်းနှင့် လူတစ်ဦးသေဆုံးခြင်းတို့ ဖြစ်ပွားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာနေရာများသို့ သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ စုစုပေါင်း ငွေကျပ် ၅၆ သိန်းကျော် ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် လေဘေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်နေစဉ်။

သတင်းစဉ်



# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က ရေတာရှည်ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရေတာရှည် မေ ၁၈**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က ဆေးရုံဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး တစ်ကိုယ်ရေသုံးပစ္စည်းများကို မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၆၅ စုံနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းမှူးကိုယ်စား ရေတာရှည်တပ်နယ်မှူး ဗိုလ်မှူးကြီး သန်းလှိုင်ဝင်းကပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေတို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကိုလွင်(ဆွာ)

# ပရဟိတအဖွဲ့များပူးပေါင်း၍ သထုံမြို့တွင်းနေရာအနှံ့အပြား ပိုးသတ်ဆေးဖျန်း

**သထုံ မေ ၁၈**

မွန်ပြည်နယ် သထုံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၇ ရက်ညနေ ၆ နာရီက လူငယ်ပရဟိတအဖွဲ့ သုံးဖွဲ့ ပူးပေါင်းကာ ဘင်လှိုင်ရပ်ကွက်နှင့် ဂေါ့ကျေးရွာ နေရာအနှံ့အပြား၌ ဆေးဖျန်းယာဉ် နှစ်စီးဖြင့် ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ကြောင်း သိရသည်။

"အစောပိုင်းက ဆေးဖျန်းပုံးတွေနဲ့လိုက်ဖျန်းနေတာ။ ဆေးဖျန်းယာဉ်တွေနဲ့ဆိုတော့ ထိရောက်မှုလည်းရှိတယ်၊ အချိန်ကုန်လည်း သက်သာတယ်။ ရပ်ကွက်တွေထဲလိုက်ဖျန်းတာကိုတော့ မေ ၁၆ ရက်က စလုပ်တယ်။ ရပ်ကွက်အသီးသီးက လမ်းကြိုလမ်းကြားမကျန် အကုန်ပြီးသွားရင် အဝေးပြေးလမ်းမကြီးတွေကိုလည်း လုပ်မှာပါ" ဟု အဖြူရောင်နှလုံးသား လူမှုကယ်ဆယ်ရေးအသင်းမှ ကိုဥက္ကာထွန်းက ပြောကြားသည်။

ဆေးဖျန်းယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို သထုံမြို့ရှိ အနိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း၊ အဖြူရောင်နှလုံးသား လူမှုကယ်ဆယ်ရေးအသင်းနှင့် သက်တန့်ရောင်စဉ် လူမှုကယ်ဆယ်ရေးအသင်းတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးလျက်ရှိကြောင်း သိရသည်။

သထုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သက်ဦး
(သထုံ)



## မိုင်းဆတ်မြို့ပြည်သူ့ဆေးရုံ၌ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ ဆက်စပ်ပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဒုတိယအကြိမ် အာဟာရအစားအစာများ လှူဒါန်း

**မိုင်းဆတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နယ်မြေခံတပ်နယ်မှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဒုတိယအကြိမ်အာဟာရအစားအစာများ လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

လှူဒါန်းရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမင်းထွန်းက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၅၀၊ နှာခေါင်းစည်း ၉၀၀၊ ဆက်စပ်ပစ္စည်းများနှင့် ကြက်ဥအလုံး ၃၀၀၊ နွားနို့လေးပိဿာတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာသန်းဝင်းတို့က လက်ခံရယူခဲ့ပြီး သမားတော်ဒေါက်တာသိန်းထွန်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ်အဖြစ် မေ ၁၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် မုန့် ၂၂ ထုပ်၊ နွားနို့သုံးပိဿာ၊ ကုလားပဲသုံးပိဿာနှင့် ကြက်ဥအလုံး ၁၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မောင်(ပြန်/ဆက်)

## ဇီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းနှင့် အထောက်အကူပစ္စည်းများ လှူဒါန်း

**ဇီးကုန်း မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့နံနက် ၉ နာရီခွဲက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စား အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးနိုင်ဇော်ဦး ဦးဆောင်သောအဖွဲ့သည် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၅ စုံ၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခု ၂၀၀၊ နှာခေါင်းစည်း ၂၅ ခု၊ လက်အိတ် ၅၀ နှင့် မျက်မှန်ငါးလက်တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်နိုင်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

တင့်ဆွေ(ဇီးကုန်း)



## မတ္တရာမြို့နယ်၌ ယာယီပျံကျဈေး နေရာပြောင်းရွှေ့ဖွင့်လှစ်

**မတ္တရာ မေ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ လူစုလူဝေးများမဖြစ်ပေါ်စေရေးအတွက် မြို့မဈေးဝန်းကျင်ရှိ ပျံကျဈေးသည်များအား ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ယာယီပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယာယီပျံကျဈေးတွင် လာရောက်ရောင်းဝယ်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း နှာခေါင်းစည်းများ၊ လက်အိတ်များဝတ်ဆင်ပြီးမှ ရောင်းချခွင့်၊ ဝယ်ယူခွင့်များ ရရှိမည်ဖြစ်သည်။ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာများအား နှာခေါင်းစည်းတပ်ဆင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က အသိပေးဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းမပါရှိသူများကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အဝတ်နှာခေါင်းစည်းများကို ဖြန့်ဝေပေးလျက်ရှိသည်။ ဈေးရောင်းချသူများ သုံးရေအဆင်ပြေရေးအတွက် စည်ပင်ရေသယ်ယာဉ်ဖြင့် ရေများဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါ ယာယီပျံကျဈေးအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယာယီပျံကျဈေး



တွင် နေရာချထားမှု၊ ရောင်းဝယ်နေမှုများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

## ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာဈေးအနီးတွင် သွားလာကြသူများအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးဆောင်ရွက်

**ကြို့ပင်ကောက် မေ ၁၈**

ကြို့ပင်ကောက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာဈေးအနီးပတ်ဝန်းကျင်တွင် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေ သွားလာနေကြသော ဒေသခံပြည်သူများအား နှာခေါင်းစည်းတပ်ဆင်သွားလာကြရန်အသိပညာပေးခြင်းကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စေတနာ့ဝန်ထမ်းအဖွဲ့က မေ ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။



ကြို့ပင်ကောက်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စေတနာ့ဝန်ထမ်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေသွားလာနေရတဲ့ ပြည်သူတွေရှိတယ်။ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းမတပ်ဘဲ သွားလာနေတဲ့သူတွေကို နှာခေါင်းစည်း ဝယ်ယူတပ်ဆင်ပြီး သွားလာစေပါတယ်။ အနေးယာဉ်ဆိုက်ကားသမားတွေကိုတော့ အခမဲ့ဝေပေးပါတယ်။ နောက်နေ့တွေမှာလည်း ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်

**မိတ္ထီလာ မေ ၁၈**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပတ္တမြားသော့ အထွေထွေရောင်းဝယ်ရေးမှ လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍ သံသယလူနာများရှိလာပါက ထားရှိရန်အတွက် သီးသန့်အဆောင်ကို အလှူရှင်စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိသည့်အပြင် လူနာများ အသက်ရှူသွင်းရာ၌ အခက်အခဲဖြစ်ပေါ်လာပါက အသက်ရှူအထောက်အကူပြုကိရိယာအကူအညီ ရယူဆောင်ရွက်နိုင်စေရန်အတွက် ပတ္တမြားသော့ အထွေထွေရောင်းဝယ်ရေးမှလှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာတစ်ခုကို မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ ပေ ၂၀ ပတ်လည်ကျယ်သည့် အခန်းအတွင်း၌ တပ်ဆင်ထားရှိပြီးဖြစ်သည်။ ထို့အပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာ နှစ်ခုကိုလည်း ဆက်လက်တပ်ဆင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်စိန်က ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



## ငဖဲမြို့ပေါ်ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ငဖဲ မေ ၁၈**

မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ မြို့နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးချစ်မောင်မောင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၇ ရက် ညနေပိုင်းက ငဖဲမြို့ပေါ်ရပ်ကွက်ရှိ မဟာသမယာရာမိကပဋ္ဌိယတ္တိကျောင်းသစ်ကျောင်း၊ မြို့မကျောင်း၊ ကံသစ်ကျောင်း၊ ကျောင်းတွင်းကျောင်းနှင့် ရောင်ခြည်ဦးဘုန်းတော်ကြီး ကျောင်းတို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

## တောင်ဥက္ကလာပမြို့နယ်ရှိ ဈေးများ၌ ဈေးသူဈေးသားနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၈**

တောင်ဥက္ကလာပမြို့နယ် ကိုရိုနာဗိုင်းရပ်စ်ကာကွယ် ထိန်းချုပ်ရေးကော်မတီနာယက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် မြို့နယ်စည်ပင် သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မေ ၁၇ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် ငွေယမုံဈေးနှင့် ဒေဝဒဟလမ်းဈေးများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်နိုင်ရေးအတွက် ဈေးရောင်းသူများ၊ ဈေးဝယ်သူများအား နှာခေါင်းစည်း တပ်ဆင်အသုံးပြုရန် လိုက်လံနှိုးဆော်စစ်ဆေးပြီး လိုအပ်သူများကို နှာခေါင်းစည်းများ လှူဒါန်းပေးခဲ့သည်။ ထိုသို့လှူဒါန်းပေးနိုင်ရန် တောင်ဥက္ကလာပစက်မှုဇုန် ဥက္ကဋ္ဌ ဦးကောင်းက နှာခေါင်းစည်း အခု ၁၀၀၀ နှင့် အမေ့ရည်မှန်းချက် ပညာဒါန သင်တန်းကျောင်း ဂျပန်စာ ဆရာမ ဒေါ်သီတာဦးက ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်းများကို မြို့နယ် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေထက်အောင်**





## စေတုတ္တရာမြို့၌ သက်ကြီးရွယ်အို အဘိုးအဘွားများအား ထောက်ပံ့ငွေများပေးအပ်

**စေတုတ္တရာ မေ ၁၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့၌ မေ ၁၇ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သက်ကြီးရွယ်အို အဘိုးအဘွားများအား အိမ်တိုင်ရာရောက် သွားရောက်၍ ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ငွေများအား မကွေးတိုင်းဒေသကြီး အစိုးရ၏ထောက်ပံ့ငွေဖြင့် လှူဒါန်းခြင်းဖြစ်ပြီး စေတုတ္တရာမြို့ပေါ်ရှိ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၁၁၅ ဦး အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ငါးထောင်နှုန်းစီတို့ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အဘိုးအဘွားများထံသို့ အိမ်တိုင်ရာရောက်သွားရောက်၍ ထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

■

## ရေနံချောင်းမြို့၌ ယာယီဈေးတွင် ဈေးဝယ်လာသူများအား ကိုယ်အပူချိန်တိုင်းခြင်းနှင့် လက်ဆေးခြင်းများဆောင်ရွက်

**ရေနံချောင်း မေ ၁၈**

ရေနံချောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် မြို့နယ်ပြည်သူ့ အားကစားကွင်းတွင် ယာယီပြောင်းရွှေ့ ဖွင့်လှစ်ထားသည့် ပျံကျဈေးအဝင်တွင် ဈေးဝယ်လာသူများအား ကိုယ်အပူချိန် တိုင်းခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် လက်ဆေး ပေးခြင်းတို့ကို မြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိ သူများက နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပျံကျဈေးတန်းတွင် ဈေးရောင်းချသူများအနေဖြင့် နှာခေါင်းစည်း၊ လက်အိတ်များဝတ်ဆင်၍ တစ်ဦးနှင့်တစ်ဦးခြောက်ပေအကွာတွင် ရောင်းချရန်၊ ဈေးဝယ်ယူသူများကလည်း နှာခေါင်းစည်းများတပ်ဆင်ဝယ်ယူကြရန်နှင့် ဈေးအတွင်းသို့ ကား၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်များ ဝင်ရောက်ခြင်း မပြုရန် ညွှန်ကြားထားကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါပျံကျဈေးတန်းကို ရေနံချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်အဆင့်လုပ်ငန်းကော်မတီများနှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် မြို့မဈေးနှင့်ရတနာဈေး ပတ်ဝန်းကျင်ရှိ ပျံကျဈေးတန်းများအား မြို့နယ်ပြည်သူ့အားကစားကွင်းတွင် မေ ၁၆ ရက်က စတင်၍ ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားပြီး နံနက် ၄ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုစိုးကြီး**



## အမာမြို့ အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန် (၅) မျိုး ထောက်ပံ့ပေးအပ်

**အမာ မေ ၁၈**

ဖျာပုံခရိုင် အမာမြို့ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ အတွက် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့်အခြေခံစားသောက်ကုန် (၅) မျိုးအား ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

ဘဝသစ်ကျေးရွာ အုပ်စုတွင် အိမ်ထောင်စု ၄၀၀၀ ကျော်ရှိပြီး ပုံမှန်ဝင်ငွေမရှိသူအိမ်ထောင်စု ၁၈၄၂ စုအား ယမန်နေ့က သက်ဆိုင်ရာ ရာအိမ်မှူးများမှတစ်ဆင့် အခြေခံစားသောက်ကုန် (၅) မျိုး ထောက်ပံ့ပေးအပ်ခဲ့သည်။ ကျန်ရှိနေသော



ကျေးရွာများကို ယနေ့နံနက်ပိုင်းတွင် ကျေးရွာရာအိမ်မှူးနှင့် အဖွဲ့က ထောက်ပံ့ပေးသည်။ အမာမြို့မ(၁) ရပ်ကွက်မှ အိမ်ထောင်စု ၁၅၀ အားလည်းကောင်း၊ မြို့မ(၂)ရပ်ကွက် မှ အိမ်ထောင်စု ၉၀၊ မြို့မ(၃)ရပ်ကွက်မှ အိမ်ထောင်စု ၆၀၊ မြို့မ(၄)ရပ်ကွက်မှ အိမ်ထောင်စု ၅၂ စုအားလည်းကောင်း ထောက်ပံ့ ပေးခဲ့သည်။ နိုင်ငံတော်မှပုံမှန်ဝင်ငွေမရှိသူ အိမ်ထောင်စုများ အခက်အခဲ မရှိစေရေးအတွက် အခြေခံစားသောက်ကုန် (၅) မျိုး ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ရာအိမ်မှူးများနှင့် အတူ ဌာနဆိုင်ရာ များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ များ၊ လူမှုကူညီရေး အသင်းအဖွဲ့များက ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## မိုင်းပျဉ်းနှင့် တုံတာမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်

**ကျိုင်းတုံ မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နှင့် တုံတာမြို့၌ မေ ၁၇ ရက် ညပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

မိုင်းပျဉ်းမြို့ပြည်သူ့ဆေးရုံတွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ မျက်မှန်၊ အပူချိန်တိုင်းကိရိယာ၊ လည်ရှည်ဖိနပ်တို့ကို ပြည်နယ်ဝန်ကြီးများက ထောက်ပံ့ပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က တာဝန်ကျဆရာမများအား လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပေးအပ်ရာ ဆေးရုံမှ တာဝန်ရှိ ဆရာဝန်တစ်ဦးက လက်ခံရယူကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် တုံတာပြည်သူ့ဆေးရုံ၌လည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်း၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ မျက်မှန်၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ လည်ရှည်ဖိနပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဖျာပုံမြို့ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့ပေါ်ဈေးများအား ပိုးသတ်ဆေးဖျန်း

**ဖျာပုံ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အတွက် မြို့ပေါ်ဈေးများအား စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့က ဦးဆောင်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့မွန်းလွဲပိုင်းက လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံမြို့ရှိ မြောက်ပိုင်းဈေး၊ ကျောက်ပြားဈေး၊ ဆိပ်ကမ်းသာဈေး စသည့်မြို့ပေါ်ဈေးများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆပ်ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဖျာပုံမြို့ပိုးသတ်ဆေးဖျန်း စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့၊ ဖျာပုံမြို့ ပွဲတင်သံပရဟိတလူငယ်များပူးပေါင်း၍ ရေမှုန်ထုတ်ပိုးသတ်ဆေးဖျန်းစက်တစ်စီး၊ ပိုးသတ်ဆေးဖျန်းစက်သုံးဘီးဆိုင်ကယ်တစ်စီးတို့ဖြင့် မြို့ပေါ်ဈေးများသို့ လိုက်လံပိုးသတ်ဆေးဖျန်းပက်ကြကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ဖျာပုံ)**

## အောင်မြေသုခကျောင်းဆရာတော် လက်လုပ်လက်စားများအား ဆန်၊ ဆီနှင့် ကြက်ဥများဖြန့်ဝေ

**မတ္တရာ မေ ၁၈**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမှတ်(၁)ရပ်ကွက် အောင်မြေသုခစာသင်တိုက် ဆရာတော်မှ အမှတ်(၁)ရပ်ကွက်အတွင်းရှိ လက်လုပ်လက်စားအိမ်ထောင်စုများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများကို မေ ၁၇ ရက် နံနက် ၁၀ နာရီခွဲမှစတင်၍ အဆိုပါကျောင်းတိုက်တွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မတ္တရာမြို့အမှတ်(၁)ရပ်ကွက်ရှိ လက်လုပ်လက်စားများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆရာတော် ဒေါက်တာဘဒ္ဒန္တခေမိဿရက အိမ်ထောင်စု ၈၆ စုနှင့် မီးသတ်ဝန်ထမ်း ၂၅ ဦး စုစုပေါင်း အိမ်ထောင်စု ၁၁၁ စုအတွက် ဆန် (၅)ပြည်၊ ဆီ (၅၀) ကျပ်သားနှင့် ကြက်ဥ (၃)လုံးစီတို့ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## မိုးနိုင်ကျေးရွာ အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ပိုင်ကျုံ မေ ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ မိုးနိုင်ကျေးရွာအုပ်စုအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးသည့် အခြေခံစားသောက်ကုန်များကို မေ ၁၇ ရက် နံနက်ပိုင်းက ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် ပိုင်ကျုံမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းရန်အောင်နှင့်ဌာနဆိုင်ရာများက မိုးနိုင်ကျေးရွာအုပ်စုအတွင်း အိမ်ထောင်စု ၂၇၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာနှင့် ကြက်သွန်နီ (၁)ပိဿာတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပိုင်ကျုံမြို့အတွင်း၌ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအား ကောက်ယူထားသည့် စာရင်းအလိုက် စားသောက်ကုန်များကို ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောပီဖိုး(ပြန်/ဆက်)**



## ရွှေသောင်ယံ၌ အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်



**ရွှေသောင်ယံ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်မှ ပေးအပ်ထောက်ပံ့သော စားသောက်ကုန်ပစ္စည်းများနှင့် အလှူရှင်က ထောက်ပံ့သော ဆန်တို့ကို ပေးအပ်ခဲ့သည်။

**ထောက်ပံ့**

ထိုသို့ထောက်ပံ့ရာတွင် မေ ၁၇ ရက် ညနေပိုင်းက ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၈၈ စုအတွက် အလှူရှင် ဦးဖြိုးမင်းထွန်းမိသားစုက အမှတ်(၁၊ ၂၊ ၃)အတွက် လှူဒါန်းပေးသော ဆန် ၁၇၅ အိတ်မှ တစ်အိမ်လျှင် ဆန်(၈)ပြည်နှုန်းနှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာစီတို့ကို ပေးအပ်ပြီး သဲကုန်းအုပ်စုရှိ သဲကုန်းကျေးရွာတွင် အိမ်ထောင်စု ၃၂ စု၊ ဝက်သေကျေးရွာတွင် ၅၅ စု၊ နွယ်ညိုချောင်းကျေးရွာတွင် ၄၄ စု၊ ပိုးလောင်းကျေးရွာတွင် ၃၇ စု၊ သဲကျင်းကျေးရွာတွင် ၄၅ စု၊ ကျူတောကျေးရွာတွင် ၇၀၊ ပိုးလောင်းကျေးရွာတွင် ၁၅၅ စု စုစုပေါင်း အိမ်ထောင်စု ၄၃၈စုတို့ကို ဆီ (၅၀) သား၊ ဆား (၅၀) သား၊ ပဲ (၁)ပိဿာစီတို့ကိုထောက်ပံ့ပေးခဲ့သည်။

ထို့ပြင်ရွှေသောင်ယံမြို့တိုက်နယ် ဆရာဝန်နှင့်ကျန်းမာရေးဆရာမတို့က ထောက်ပံ့ရေးပစ္စည်းများ လာရောက်ထုတ်ယူသူများကို လက်သန့်ဆေးရည်များဖျန်းပေးကာ နှာခေါင်းစည်းများ တပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုမောင်**

**(ပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ် လူစည်ကားရာနေရာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ

**ပုဗ္ဗသီရိ မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပုဗ္ဗသီရိမြို့နယ်လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၁၇ ရက် ညနေ ၅ နာရီက ပုဗ္ဗသီရိညဈေးနှင့် ကျည်တောင်ကန်ဈေးတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့ နာယက ဦးရည်မွန်နှင့် တာဝန်ရှိသူတို့က ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းနှင့် တစ်ယောက်လျှင်နှာခေါင်းစည်း တစ်ခုနှုန်းဖြင့် စုစုပေါင်း နှာခေါင်းစည်း ၇၀၀ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ပုဗ္ဗသီရိညဈေးနှင့် ကျည်တောင်ကန်းဈေးများတွင် ဈေးရောင်းချသော ဈေးသည်များအား နှာခေါင်းစည်းများတပ်ဆင်၍ ခြောက်ပေအကွာတွင် ရောင်းချစေခြင်းနှင့် ဈေးဝယ်များအား နှာခေါင်းစည်းများ တပ်ဆင်ထားမှသာ ဈေးအတွင်းဈေးဝယ်ခွင့်ပြုထားကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ အိမ်ထောင်စုများအတွက် စားသောက်ကုန်(၅)မျိုး ထောက်ပံ့

**ကန့်ဘလူ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် နိုင်ငံတော်မှထောက်ပံ့ပေးအပ်လျက်ရှိသော အခြေခံပစ္စည်း (၅)မျိုးကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၉၂၇၇ စုအတွက် မေ ၁၂ ရက်မှ စတင်၍ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ရပ်ကွက် ၁၁ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၈၆ အုပ်စုရှိပြီး ရပ်ကွက်၊ ကျေးရွာတွေကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေးအတွက် ကန့်ဘလူ၊ ဇီးကုန်း၊ ကာဘိုး၊ ထန်းကုန်း၊ မလယ်၊ ချပ်သင်း၊ ကိုးထောင်ဘို့၊ တည်ပင်တိုက်နယ် ရှစ်ခုကို မြို့နယ်ဌာနဆိုင်ရာ အဖွဲ့ရှစ်ဖွဲ့နဲ့ အဖွဲ့လိုက် မော်တော်ယာဉ်တွေနဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ အခြေခံစားသောက်ကုန်ဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီတွေကို ရောက်တာနဲ့ တိုက်နယ်တွေကို အမြန်ဆုံး ခွဲဝေဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းက ပြောကြားသည်။




အိမ်ထောင်စု(၁)စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာတို့ကို မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၉၂၇၇ စုအတွက် ဖြန့်ဖြူးထောက်ပံ့ပေးလျက်ရှိရာ ယင်းနေ့အထိ ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ အိမ်ထောင်စု ၁၄၀၉၉ စုအတွက် ဆန် ၄၆၉၉ အိတ် (၁၆ ပြည်)၊ ဆီ ၇၀၄၉ ပိဿာ ၅၀ကျပ်သား၊ ဆား ၇၀၄၉ ပိဿာ ၅၀ကျပ်သား၊ ပဲ ၁၄၀၉၉ ပိဿာ၊ ကြက်သွန်နီ ၁၄၀၉၉ ပိဿာ ဖြန့်ဝေပေးထားပြီး ကျန်ကျေးရွာများကိုလည်း ဆက်လက်ဖြန့်ဝေပေးနိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း**

**(ကန့်ဘလူ)**

## ရိုခေါ်ဒါရ်မြို့၌ အခြေခံ စားသောက်ကုန်များ ဖြန့်ဝေ

**ရိုခေါ်ဒါရ် မေ ၁၈**

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိုခေါ်ဒါရ်မြို့အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်များကို မေ ၁၆ ရက်က အိမ်တိုင်ရာရောက်စနစ်ဖြင့် လိုက်လံဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်ပစ္စည်းများ အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေရာတွင် ရိုခေါ်ဒါရ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်နှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိလူငယ်များ ပူးပေါင်း၍ ရိုခေါ်ဒါရ်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိအိမ်ထောင်စု ၂၀၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၂၀၀ စုစုပေါင်းအိမ်ထောင်စု ၂၂၀ တို့ထံ အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပက်ကာ (ပြန်/ဆက်)**

# ကူးစက်ကပ်ဘေး လူတိုင်းဝေး ငြိမ်းအေးကြပါစေ

## ■ ကိုရင်ဩ

ကိုရိုနာဗိုင်းရပ်စ်ပိုးသည် အတင့်ရဲစွာဖြင့် ကမ္ဘာတစ်လွှား ကမ္ဘာ့လူသားထုတစ်ရပ်လုံးအား ဆက်လက်၍ မထီမဲ့မြင်ပြုနေဆဲမှာပင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုး၏ ဗဟိုပြုချက်သည် အာဖရိကတိုက် ဖြစ်လာနိုင်ဖွယ်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာတစ်လွှား ဖြစ်ပေါ်လာနိုင်အံ့သော အကျိုးသက်ရောက်မှုများ အသို့ရှိလိမ့်မည်ကို အတွေးကွန်ရက်ဖြန့်ကြက်မိလေ၏။

**ရှောင်ကွင်းနိုင်ဆဲဖြစ်**

လတ်တလောအခြေအနေအရမူ အာဖရိကတိုက်သည် ကိုရိုနာကပ်ရောဂါပိုး ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပျံ့နှံ့မှုဘေးအန္တရာယ်မှ ရှောင်ကွင်းနိုင်ဆဲဖြစ်ပြီး "ပွဲကြမ်းနေသော" အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပဒေသတို့နှင့် နှိုင်းယှဉ်လျှင် ကပ်ရောဂါကြောင့် သေဆုံးရသူဦးရေမှာ နည်းပါးနေဆဲဖြစ်၏။

သို့ဖြစ်လင့်ကစား အာဖရိကတိုက်အပေါ် ကပ်ရောဂါဆိုး သက်ရောက်နိုင်မှုအခြေအနေမှာ လှေနံဓားထစ်မှတ်သားနိုင်မည်မဟုတ်ကြောင်း၊ အာဖရိကသားတို့အတွက် စိတ်တုံးတုံးချ၍ မနေအပ်ကြောင်း ကုလသမဂ္ဂ အာဖရိကတိုက်လုံးဆိုင်ရာ စီးပွားရေးကော်မရှင်က မေ ၁၇ ရက်တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် အတိအလင်း သတိပေးထားပုံကို ကျွန်ုပ်အလေးမူမိ၏။

ဤတွင်ရွှေ့ကား စိန်ကဲ ရွှေကဲထက် ကပ်ရောဂါဘေး အကဲခတ်ရခက်ပုံကို ကျွန်ုပ် သင်ခန်းစာရမိ၏။ "စုံလုံးကန်းတွေထဲမှာ တစ်ဖက်လပ်က လူတော်" ဟူဘိသို့ အာဖရိကတိုက်ကို ကံကြမ္မာက မျက်နှာသာပေးထားသည်ဟု လတ်တလောဆိုနိုင်လင့်ကစား ကိုဗစ်-၁၉ ပိုး၏ တိုက်ရိုက်အကျိုးသက်ရောက်မှုအဖြစ် အာဖရိကတိုက်သား သုံးသိန်းမှ ၃ ဒသမ ၃ သန်းအကြား သေဆုံးရဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားလေသည်။

"ဆင်ကျီစားရာ ဆိတ်မခံသာ" ဖြစ်ရသည်မှာကား ကဆုန်ပေါက်ပြေးလွှားနေဆဲ ကိုရိုနာပိုးနှင့် လူသားဖြစ်၏။

ကိုရိုနာပိုးက ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ပုန်ကန်နေဆဲဖြစ်ပြီး ယင်းပိုးကို ချေမှုန်းတိုက်ဖျက်နိုင်မည့် အစီအမံများကို အရေးတကြီးချမှတ်ဆောင်ရွက်ရန် အာဖရိကနိုင်ငံများအား ကျွမ်းကျင်သူ ပညာရှင်များက သတိပေးကြသည်။

လူဦးရေ အထူးများပြားသော အာဖရိကမြို့ကြီးများတွင် ကျန်းမာရေးအတွက် လက်ဆေးကန် အလုံအလောက်မရှိရကား ကပ်ရောဂါကို လျှော့မတွက်ကြဖို့ ကျန်းမာရေးပညာရှင်များက စိတ်ပူစွာဖြင့် သတိပေးလျက်ရှိကြလေသည်။

လူနာခုတင်အရေအတွက် နည်းပါးခြင်း၊ အာဖရိကတိုက်၏ လုပ်သားအင်အားစုတွင် ၇၁ ရာခိုင်နှုန်းသည် ပျံကျလုပ်သားများ(ဝါ)ဝင်ငွေပုံမှန်မရသောလုပ်သားများဖြစ်ပေရာ အကယ်၍ ရောဂါပိုး အတင့်ရဲလာမည်ဆိုပါက ဆင်းရဲသားပြည်သူတို့မှာ မိုးပြိုမှာစိုးသော တစ်တီတူးငှက်ပမာ ခြေနှစ်ချောင်းမိုးပေါ်ထောင်ကာ ပုန်းလျှိုးနေကြရမည့်အသွင်ရှိလိမ့်မည်သာတည်း။

**ဟောကိန်းထုတ်**

အာဖရိကတိုက်တွင် အစိုးရအဖွဲ့များက "လူမှုရေးကွာဟမှု" (ဝါ) ခပ်ခွာခွာနေထိုင်မှုအစီအမံကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းမရှိပါက အာဖရိကတိုက်တွင် လူပေါင်း ၂၂ သန်းအထိ ဆေးရုံတက်ရခြင်း၊ လူပေါင်း ၃ ဒသမ ၃ သန်းခန့် သေဆုံးရခြင်းတို့ ဖြစ်ပေါ်လာရဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အင်ပီးရီးရဲလ်ကောလိပ်ကျောင်းမှ သုတေသီများ၏ "ကွန်ပျူတာမိုဒယ်" တွက်ကိန်းများအရ ဟောကိန်းထုတ်နိုင်သည်ဆို၏။

ထိမိသည့်ခလုတ် နောက်ဆုတ်လည်း နာတုန်းတွင် ကမ္ဘာ့ကပ်ရောဂါဘေးမှ ကျော်လွှားလွန်မြောက်နိုင်ရန် ကြိုးပမ်းနေကြရဆဲ ကမ္ဘာ့နိုင်ငံများ၏ အခြေအနေကို စနောင့်စနိုးဖြစ်စွာ ကျွန်ုပ်စေ့ငုလေသော် အမေရိကန်မှာ "အုပ်စုဗိုလ်" ဖြစ်နေသည်ကို ကျွန်ုပ်တွေ့ရ၏။ မေ ၁၈ ရက် အခြေပြစာရင်းအရ အမေရိကန်ပြည်ထောင်စုတွင် ရောဂါကူးစက်ခံရသူ ၇၁၀၂၇၂ ဦး၊ သေဆုံးသူ ၃၇၁၇၅ ဦး ရှိသည်။

အမေရိကန်ပြည်ထောင်စုရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံထက်မနည်းတွင် ကိုဗစ်-၁၉ ကူးစက်မှုရှိနေပြီး အမေရိကန်၊ ဥရောပအနောက်ပိုင်းဒေသ၊ တရုတ်နိုင်ငံတို့တွင် ရောဂါကူးစက်မှုအများဆုံးဖြစ်လေသည်။

အမေရိကန်ပြည်ထောင်စုတွင် နယူးယောက်ပြည်နယ်သည် ရောဂါကူးစက်မှု၏ ဗဟိုချက်အဖြစ်တည်ရှိနေပြီး ဘေးအန္တရာယ်ကြီးမားနေဆဲဖြစ်ပုံကို ကျန်းမာရေးပါရဂူတို့က တပ်လှန့်နှိုးဆော်ထားသည်။

အမေရိကန်ပြည်နယ် ၅၀ နှင့် မြို့တော်ဝါရှင်တန်ဒီစီတို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ရှိနေကြောင်း၊ အမေရိကန်ဗာဂျင်ကျွန်းစု၊ ဂူအမ်ကျွန်းနှင့် ပွာတိုရီကိုတို့တွင်လည်း ကပ်ရောဂါကူးစက်ခံရမှုကို အတည်ပြုနိုင်ကြောင်း အိမ်ဖြူတော်၏ ကိုရိုနာဗိုင်းရပ်စ် အထူးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

မေ ၁၆ ရက် အခြေပြစာရင်းအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ နယူးယောက်ပြည်နယ်တွင် နေထိုင်သူများဖြစ်ကြပြီး အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် ဧပြီလ ၃၀ ရက်အထိ "ခပ်ခွာခွာနေမှု"ကျန်းမာရေးအစီအမံကို ပြည်သူများလိုက်နာကြရန် အစိုးရအဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။ အကယ်၍ အခြေအနေအရ လိုအပ်မည်ဆိုပါက ဖော်ပြပါနေ့ရက်ထက်ကျော်လွန်၍ ကျန်းမာရေးအစီအမံကို ဆက်လက် လိုက်နာစေရမည် ဆို၏။




PHOTO CREDIT: AFP

**အရှေ့တောင်အာရှဒေသတွင် အင်ဒိုနီးရှားနိုင်ငံသည် ဓာတ်ခွဲအတည်ပြုလူနာ အများဆုံးနိုင်ငံဖြစ်ပြီး မေ ၁၈ ရက် အခြေပြစာရင်းအရ ရောဂါပိုးရှိသူ ၆၂၄၈ ဦးရှိသည်။ ဖိလစ်ပိုင်နိုင်ငံမှာမူ ရောဂါပိုးရှိသူဦးရေ ၆၀၀၀ ကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ကူးစက်နှုန်း မြန်ဆန်နေဆဲဖြစ်သည်....**

ဥရောပတိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးရသူ ၇၅၀၀၀ ကျော်ရှိပြီး သေဆုံးသူဦးရေ ၈၀ ရာခိုင်နှုန်းမှာ အီတလီ၊ စပိန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့တွင်ဖြစ်ကြောင်း ကျွန်ုပ် လေ့လာတွေ့ရှိရ၏။

**ရန်ပုံငွေ ထူထောင်နိုင်ရန်**

ထိုစဉ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးရန်ပုံငွေ ထူထောင်နိုင်ရန် ဥရောပသမဂ္ဂ (အီးယူ)က ကြိုးပမ်းလျက်ရှိပြီး အလှူရှင်များ ညီလာခံကို မေလ ၄ ရက်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ဥရောပကော်မရှင်အကြီးအကဲ အာစူလာ ဗွန်ဒါလီယန်းက ပြောကြားသည်။

ကာကွယ်ဆေးဖော်ထုတ်နိုင်ခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်း ထိရောက်မှုရှိမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံမှ ဝဲလ်ကမ်းထရပ်စ် ပရဟိတအဖွဲ့နှင့် အမေရိကန်နည်းပညာလုပ်ငန်းရှင် သူဌေးကြီး ဘီလ်ဂိတ်တို့လည်း ပါဝင်ကူညီကြမည်ဟု ကျွန်ုပ်လေ့လာသိရှိရ၏။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ကာကွယ်ဆေးအမျိုးပေါင်းများစွာ ပေါ်ထွက်လာရေးအတွက် ဆေးသုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိလေသည်။ သို့ရာတွင် အာနိသင်ထိရောက်မှုရှိသော ကာကွယ်ဆေး၊ ဘေးထွက်ဆိုးကျိုးမရှိသော ကာကွယ်ဆေးရရှိနိုင်ရန်အတွက်မူ အနည်းဆုံးတစ်နှစ် အချိန်ယူဆောင်ရွက်ရပေလိမ့်မည်။ ကာကွယ်ဆေးကို ထုတ်လုပ်ပြီး ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိနိုင်ရန်အတွက်မူ နောက်ထပ် လပေါင်းအတန်ကြာမျှ စောင့်ဆိုင်းရပေဦးမည်။

ကျွန်ုပ်တို့၏ အာရှတိုက်သည်လည်း ကမ္ဘာ့ကပ်ရောဂါဆိုးကို အပြီးတိုင်ချေမှုန်းတိုက်ထုတ်နိုင်ရေးအတွက် "လှေခွက်ချည်းကျန် အလံမလှဲ" စိတ်ဓာတ်ဖြင့် နိုင်ငံအသီးသီးက ကြိုးပမ်းလျက်ရှိကြလေသည်။

**ကူးစက်နှုန်းမြန်ဆန်**

အရှေ့တောင်အာရှဒေသတွင် အင်ဒိုနီးရှားနိုင်ငံသည် ဓာတ်ခွဲအတည်ပြုလူနာ အများဆုံးနိုင်ငံဖြစ်ပြီး မေ ၁၈ ရက် အခြေပြစာရင်းအရ ရောဂါပိုးရှိသူ ၆၂၄၈ ဦးရှိသည်။ ဖိလစ်ပိုင်နိုင်ငံမှာမူ ရောဂါပိုးရှိသူဦးရေ ၆၀၀၀ ကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ကူးစက်နှုန်းမြန်ဆန်နေဆဲဖြစ်သည်။

စင်ကာပူနိုင်ငံတွင်မူ မေ ၁၈ ရက်အခြေပြစာရင်းအရ နောက်ထပ် ရောဂါကူးစက်ခံရသူ ၉၄၂ ဦးရှိပြီး တစ်ရက်တည်းတွင် စံချိန်တင်ရလောက်အောင် အများဆုံးကူးစက်မှုဖြစ်သည်။ ရောဂါပိုးကူးစက်မှုအများစုမှာ အဆောင်များတွင် နေထိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြသည်။

မလေးရှားနိုင်ငံတွင် မေ ၁၈ ရက်အထိ ဓာတ်ခွဲအတည်ပြုလူနာ ၅၃၀၅ ဦးအထိရောက်ရှိလာပြီး ပြည်သူများအား အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းကို ထိုနေ့တွင် ၃၂ ရက်မြောက်နေ့အဖြစ် ဆောင်ရွက်ခဲ့သည်။

ကျွန်ုပ်တို့၏အိမ်နီးချင်း ထိုင်းနိုင်ငံတွင် မေ ၁၈ ရက်က နောက်ထပ်ရောဂါပိုးတွေ့ရှိသူ ၃၃ ဦး တိုးလာခဲ့ရာ နိုင်ငံတစ်ဝန်းတွင် ဓာတ်ခွဲအတည်ပြုလူနာ ၂၇၃၃ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှာမူ ၃၆ နာရီအတွင်း နောက်ထပ်ရောဂါပိုးရှိသူ ထပ်မံမတွေ့ရှိရတော့ဟု မေ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ မင်္ဂလာသတင်းတစ်ပုဒ်ဟု ဆိုနိုင်ပေလိမ့်မည်။ တစ်လကျော်ကာလအတွင်း ပထမဆုံးအကြိမ် ရောဂါပိုးမတွေ့ရှိရတော့သည့် နေ့ရက်တစ်ရက် ဖြစ်ခဲ့လေသည်။

**ထပ်မံမတွေ့ရှိရတော့**

ဘရူနိုင်းနိုင်ငံမှာမူ ရက်သတ္တပတ်ကျော်ကာလအတွင်း ရောဂါပိုးရှိသူကို ထပ်မံမတွေ့ရှိရတော့ဟု မေ ၁၈ ရက်သတင်းတွင် ဖော်ပြထားသည်။

အလားတူပင် ကမ္ဘောဒီးယားနိုင်ငံသည် မေ ၁၄ ရက်မှစ၍ ရောဂါပိုးကူးစက်ခံရသူ တိုးလာခြင်းမရှိတော့ဘဲ ရောဂါမှ ပြန်လည်နာလန်ထူမှုနှုန်း ၈၄ ရာခိုင်နှုန်းရှိသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင်မူ မေ ၁၈ ရက် ညပိုင်းအထိ ဓာတ်ခွဲအတည်ပြုလူနာ ၉၈ ဦးရှိခဲ့ရာ ကျန်းမာရေးအစီအမံများကို နိုင်ငံတစ်ဝန်းတွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ လာအိုတွင်မူ ရောဂါကူးစက်မှု ရပ်တန့်သွားခဲ့ပြီဖြစ်သည်။

အရှေ့တောင်အာရှဒေသ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းများ တိုးတက်လျက်ရှိသည်နှင့်အမျှ မဝေးသော အနာဂတ်ကာလတွင် ယင်းကပ်ရောဂါဆိုးကြီးကို အပီအပြင်ထိန်းချုပ်နိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိရင်း "ကူးစက်ကပ်ဘေး လူတိုင်းဝေး ငြိမ်းအေးကြပါစေ"ဟု ကျူးရင့်မိပါသတည်း။ ။

*SOURCE: COVID-19 Daily Updates*

ကြေးမုံ
မေ ၁၉၊ ၂၀၂၀

# ညီညွတ်ခြင်းဖြင့်သာ ကိုရိုနာဗိုင်းရပ်စ်ကို အောင်မြင်စွာတိုက်ဖျက်နိုင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပေကျင်း မေ ၁၈**

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ညီညွတ်ခြင်းဖြင့်သာလျှင် ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်တားဆီးထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ ဝမ်ယိက အထက်ပါမှတ်ချက်ကို ပြင်သစ်သမ္မတ၏ သံတမန်ရေးရာကောင်စစ်ဝန် အီမက်နူရယ်ဘိုနီနှင့် တယ်လီဖုန်းဖြင့်ဆွေးနွေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

**ပေးအပ်သွားမည်**

တရုတ်နိုင်ငံအနေဖြင့် ပြင်သစ်အစိုးရက ဆောင်ရွက်နေသော ကိုရိုနာဗိုင်းရပ်စ် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏ အောင်မြင်မှုရလဒ်များကိုသာမက ပြင်သစ်နှင့် ဥရောပတို့၏ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုများကိုလည်း အလေးထားကြောင်း ဝမ်ယိက ပြောကြားသည်။ ပြင်သစ်သမ္မတ မက်ခရွန်၏ ခိုင်မာသော ဦးဆောင်မှုအောက်တွင် ပြင်သစ်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကို စောစီးစွာ ဖြတ်ကျော်နိုင်မည်ဟု ယုံကြည်ကြောင်း ဝမ်ယိက ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် အစောပိုင်းကာလက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အခက်အခဲများရှိခဲ့သော်လည်း ဆေးပစ္စည်းများနှင့် ကာကွယ်ရေးပစ္စည်းများကို ပြင်သစ်နိုင်ငံသို့ ပေးအပ်ခဲ့ကြောင်း ဝမ်ယိကပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အထောက်အပံ့များကို ကပ်ရောဂါဖြစ်ပွားမှု ပြီးဆုံးသည့်အချိန်အထိ ပြင်သစ်နိုင်ငံသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း ဝမ်ယိက ဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပြင်သစ်နှင့် တရုတ်တို့အနေဖြင့် လူ့အဖွဲ့အစည်းအတွက် အရေးကြီးသော ယခုအချိန်တွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်အထောက်အကူပြုမှုတို့ဖြင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်သွားမည်ဟု ဝမ်ယိက ပြောကြားသည်။ ပြင်သစ်နိုင်ငံက ကမ္ဘာ့နိုင်ငံများအား ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် စည်းလုံးညီညွတ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါ တိုက်တွန်းပြောကြားချက်ကို တရုတ်က အပြည့်အဝ သဘောတူညီကြောင်း ဝမ်ယိက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ





ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီး ဂျိုးစ်အင်ဂျဲလ်ပေါ်တာလ် မီရန်ဒါ

# ကျူးဘားနိုင်ငံတွင် ကျန်းမာရေးလုပ်သား ၁၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဟာဗားနား မေ ၁၈**

ကျူးဘားနိုင်ငံရှိ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၁၀၀ နီးပါးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီး ဂျိုးစ်အင်ဂျဲလ်ပေါ်တာလ် မီရန်ဒါက ယနေ့ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကျူးဘားကျန်းမာရေးလုပ်သားများတွင် ဆရာဝန် ၄၇ ဦး၊ သူနာပြု ၃၀၊ ကျန်းမာရေးဆိုင်ရာပညာရှင် လေးဦး၊ ဆေးကျောင်းသားငါးဦးနှင့် အခြားသော ဆေးဘက်ဆိုင်ရာနယ်ပယ်များမှ ကျွမ်းကျင်ပညာရှင် ၁၁ ဦးတို့ ပါဝင်ကြောင်း မီရန်ဒါက ပြောကြားသည်။

ကူးစက်ရောဂါ ဖြစ်ပွားစဉ်အတွင်း ဆေးရုံများနှင့် သီးခြားစောင့်ကြည့်ရေးစခန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်ကြသော ကျူးဘားကျန်းမာရေးလုပ်သားများကို ဆေးဘက်ဆိုင်ရာ ကာကွယ်ရေးကိရိယာများဖြင့် ပံ့ပိုးပေးထားကြောင်း၊ မိမိတို့အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွင် ခုခံနိုင်စွမ်းမရှိကြပါကြောင်း မီရန်ဒါက ထပ်မံပြောကြားသည်။

လောလောဆယ် ကျူးဘားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ဟု အတည်ပြုသော လူနာ ၉၂၃ ဦးရှိပြီး ၎င်းတို့အနက် ၃၁ ဦး သေဆုံးခဲ့သည်။

ကျူးဘားနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ဆရာဝန်နှင့် သူနာပြုပေါင်း ၁၂၀၀ ခန့်ပါဝင်သော ဆေးဘက်ဆိုင်ရာအသင်း ၂၁ သင်းကို အိမ်နီးချင်း လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများနှင့်အတူ ဥရောပတိုက်၊ အာဖရိကတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသများသို့ စေလွှတ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# ကိုဗစ်-၁၉ ကပ်ရောဂါ ကူညီတိုက်ဖျက်ရန် မလေးရှားနိုင်ငံသို့ တရုတ်ဆေးအဖွဲ့ ရောက်ရှိ

**ကွာလာလမ်ပူ မေ ၁၈**

တရုတ်အစိုးရက စေလွှတ်ခဲ့သည့် ဆေးဘက်ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူညီတိုက်ဖျက်ရန် မလေးရှားနိုင်ငံသို့ ယနေ့ ရောက်ရှိခဲ့သည်။

**မျှဝေပေးမည်**

အဖွဲ့ဝင်ရှစ်ဦးပါ အဆိုပါ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ကို မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ပိုင်ကျန်နှင့် မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ မလေးရှားနိုင်ငံ၌ နှစ်ပတ်ကြာနေထိုင်စဉ်အတွင်း တရုတ် ဆေးဘက်ပညာရှင်များက မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးကို အထောက်အကူပြုစေမည့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို မလေးရှားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများထံ မျှဝေပေးမည်ဟု တရုတ်သံအမတ်ကြီးက ပြောသည်။

"တရုတ်နဲ့ မလေးရှားအစိုးရတွေ၊ ပြည်သူတွေက အခက်အခဲတွေကျော်ဖြတ်ဖို့ အတူလက်တွဲဆောင်ရွက်ပြီး အပြန်အလှန် စောင့်ရှောက်တာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုက တရုတ်နဲ့ မလေးရှား နှစ်နိုင်ငံကြား နက်ရှိုင်းပြီး နွေးထွေးတဲ့ ဆက်ဆံရေးကို ပြသတာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး



# အင်ဒိုနီးရှား၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ကန့်သတ်ချက်များ တင်းကျပ်

**ဂျကာတာ မေ ၁၈**

ကမ္ဘာ့စတုတ္ထမြောက် လူဦးရေအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရန်ကြိုးပမ်းလျက်ရှိရာ ဂျာဗားကျွန်းနှင့် အနောက်ဆုမားတြားကျွန်းပေါ်နေထိုင်သည့် သန်းနှင့်ချီသော ပြည်သူများအတွက် ပိုမိုတင်းကျပ်သော ခပ်ခွာခွာနေရသည့် စည်းမျဉ်းများကို သက်တမ်းတိုးလိုက်ပြီဖြစ်သည်။

ပြည်သူ ကိုးသန်းနီးပါးနေထိုင်သည့် အနောက်ဂျာဗားရှိ ဒေသငါးခု၌ လူမှုရေးဆိုင်ရာတင်းကျပ်မှုများ သတ်မှတ်မည်ဟု အင်ဒိုနီးရှားအစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးမှထုတ်ပြန်သည့် ကြေညာချက်တစ်ခုအတွင်း ကျန်းမာရေးဝန်ကြီး တီရာဝမ်အေဂတ်စ်ပူထရန်တိုက ပြောကြားခဲ့သည်။ အလားတူအမိန့်ကို ဂျာဗားကျွန်းအလယ်ပိုင်းရှိ မြို့တော်တစ်ခုဖြစ်သော တီဂယ်လ်မြို့နှင့် အနောက်ဆုမားတြားပြည်နယ်တို့၌ ထုတ်ပြန်ခဲ့သည်။ အဆိုပါဒေသများတွင် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု သိသိသာသာ မြင့်တက်လာခဲ့ကြောင်း ပူထရန်တိုက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၄၀၇ မှု ထပ်မံဖြစ်ပွားခဲ့ပြီး ပထမဆုံး ကိုဗစ်-၁၉ ရောဂါတွေ့ရှိကြောင်း ကြေညာပြီးနောက်ပိုင်း နေ့အလိုက် အမြင့်ဆုံးကူးစက်မှုဖြစ်ကာ စုစုပေါင်း ရောဂါကူးစက်သူ ၆၀၀၀ နီးပါးအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အင်ဒိုနီးရှားအစိုးရက ကိုရိုနာဗိုင်းရပ်စ် အဓိကဖြစ်ပွားရာ ဂျကာတာမြို့တော်ပြင်ပရှိ မြို့တော်များ၌ ပြည်သူများ အသွားအလာ ကန့်သတ်မှု စည်းမျဉ်းများကို တိုးချဲ့ခဲ့သည်။ အစိုးရ၏ ခန့်မှန်းချက်များအရ မေလတွင် ပြည်သူ ၉၅၀၀၀ ခန့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ဇူလိုင်လတွင် ၁၀၆၀၀၀ အထိ မြင့်တက်လာမည်ဟု ဆိုသည်။

အနောက်ဂျာဗားရှိ ဒေသငါးခုတွင် စီမာဟီမြို့တော်၊ ဘန်ဒေါင်းဒေသ၊ အနောက်ဘန်ဒေါင်း၊ ဆူမီဒန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ စတုတ္ထမြောက် လူဦးရေအထူထပ်ဆုံး ဘန်ဒေါင်းမြို့တော်တို့ ပါဝင်သည်။

ကိုးကား - ဘလွန်းဘာဂ်
ဘာသာပြန် - ကျော်ထိုက်စိုး

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂ ဒသမ ၂ သန်း ရှိလာ

**ဝါရှင်တန် မေ ၁၈**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂ ဒသမ ၂ သန်း ရှိလာခဲ့ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ မေ ၁၈ ရက် စစ်တမ်းတစ်ရပ်အရ သိရသည်။

မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီအထိ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါ ကူးစက်ခံရသူ ၂၂၄၉၆၆၂ ဦးရှိလာခဲ့ပြီး သေဆုံးသူ ၁၅၄၂၅၄ ဦးရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၃၇၀၇၉ ဦးရှိပြီး ဗိုင်းရပ်စ် တွေ့ရှိသော ကမ္ဘာ့နိုင်ငံများအနက် သေဆုံးမှုအများဆုံးဖြစ်သည်။ အီတလီနိုင်ငံတွင် သေဆုံးသူ ၂၂၇၄၅ ဦး၊ စပိန်နိုင်ငံတွင် ၂၀၀၀၂ ဦး၊ ပြင်သစ်နိုင်ငံတွင် ၁၈၇၀၃ ဦးနှင့် ဗြိတိန်နိုင်ငံတွင် ၁၄၆၀၇ ဦးရှိကြောင်း သိရသည်။ ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်

# သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်လယ်သမားများအား ဒေါ်လာ ၁၉ ဘီလီယံ ထောက်ပံ့မည့်အစီအစဉ် ကြေညာ

**ဝါရှင်တန် မေ ၁၈**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေစဉ် စီးပွားရေးအကျပ်အတည်းသို့ ရောက်ရှိနေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကူညီမည့် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံပမာဏရှိ ငွေကြေးအစီအစဉ်တစ်ခုကို သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၇ ရက်တွင် ကြေညာခဲ့သည်။

**တိုက်ရိုက်ငွေကြေးပံ့ပိုး**

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ၏ဆိုးကျိုးအား ကိုင်တွယ်ဖြေရှင်းနေရသည့် လယ်သမားများ၊ မွေးမြူရေးသမားများအတွက် အမေရိကန်အစိုးရက ဒေါ်လာ ၁၉ ဘီလီယံတန်ကြေးရှိ ကယ်ဆယ်ရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်မည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ အဆိုပါအစီအစဉ်တွင် လယ်သမားများ၊ မွေးမြူရေးသမားများနှင့် ထုတ်လုပ်သူများသို့ တိုက်ရိုက်ငွေကြေးပံ့ပိုးမှုများ ပါဝင်မည်ဖြစ်သည်။

စာသင်ကျောင်းများ၊ စားသောက်ဆိုင်များ ပိတ်ထားပြီး အမေရိကန်ပြည်သူအများစုအနေဖြင့် နေအိမ်များ၌သာ စားသောက်ကြသောကြောင့် အမေရိကန်လယ်သမားများ အခက်အခဲကြုံခဲ့ရသည်ဟု အမေရိကန်လယ်ယာစိုက်ပျိုးရေး ဝန်ကြီး ဆန်နီပါဂျူးက ပြောသည်။ ဒေါ်လာသုံးဘီလီယံခန့်ကို လယ်သမားများထံမှ ထုတ်ကုန်နှင့် နွားနို့များဝယ်ယူကာ အစားအစာဘဏ်များသို့ ပြန်လည်ဖြန့်ဖြူးသွားမည်ဟု ၎င်းက ပြောသည်။ အလုပ်အကိုင်များဆုံးရှုံးခဲ့သည့် သန်းနှင့်ချီသော အမေရိကန်ပြည်သူများမှာ မကြာသေးမီက အစားအစာအတွက် အစားအစာဘဏ်များ၊ ကုန်စုံဆိုင်များ ဘက်ဦးလှည့်လာခဲ့သည်။ အမေရိကန်လယ်ယာနှင့် စားသောက်ကုန်လုပ်ငန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ နည်းလမ်းပေါင်းစုံဖြင့် ရိုက်ခတ်မှုခံခဲ့ရသည်။

**အဆိုးရွားဆုံးခံခဲ့ရ**

လယ်သမားများအနေဖြင့် သီးနှံများရိတ်သိမ်းရန် လုပ်သားများရှာဖွေရာတွင် အခက်အခဲရှိနေပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အသားထုပ်ပိုးစက်ရုံများ အဆိုးရွားဆုံး ခံခဲ့ရသည်။

ကိုးကား-အေအက်ဖ်ပီ

ဘာသာပြန်-ကျော်ထိုက်စိုး






# ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၀၀ ရှိလာ

**မနီလာ မေ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၀၈၇ ဦးရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၁၀ ဦးထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၃၉၇ ဦးရှိလာကြောင်း သိရသည်။

သို့သော် ရောဂါကူးစက်ခံရသူ ၂၉ ဦးတို့သည် ပြန်လည်ကျန်းမာလာပြီး နိုင်ငံအတွင်း ယင်းရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၅၁၆ ဦးရှိလာခဲ့သည်။

**တိုးမြှင့်စမ်းသပ်နိုင်ရန် ရည်ရွယ်ထား**

ဖိလစ်ပိုင်အစိုးရ၏ စီမံချက်အရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ပြည်သူများအကြား ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိရာ ယခုမေလကုန်အထိ တစ်နေ့လျှင် လူဦးရေ ၈၀၀၀ နှင့် ၁၀၀၀၀ အကြား တိုးမြှင့်စမ်းသပ်နိုင်ရန် ရည်ရွယ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူဦးရေ ထပ်တိုးလာမည်ဟု ခန့်မှန်းနေစဉ် ယခုကဲ့သို့ ရောဂါစစ်ဆေးစမ်းသပ်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လာခြင်းအားဖြင့် ဖိလစ်ပိုင် ပြည်သူ့ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ အကောင်းဆုံးနည်းလမ်းတစ်ခုရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

# နိုင်ဂျီးရီးယားသမ္မတ၏ ထိပ်တန်းလက်ထောက် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

**အဘူဂျာ မေ ၁၈**

နိုင်ဂျီးရီးယားသမ္မတ မူဟာမ်မာဒူဘူဟာရီ၏ လက်ထောက်တစ်ဦးဖြစ်သူ မာလမ်အတ်ဘာခါရီမှာ ကိုဗစ်-၁၉ ရောဂါကုသမှုခံယူနေစဉ် ကွယ်လွန်သွားခဲ့ကြောင်း သမ္မတရုံး၏ထုတ်ပြန်ချက်အရ သိရသည်။

**ကုသမှုခံယူ**

နိုင်ဂျီးရီးယားသမ္မတ ဘူဟာရီ၏ မဟာမိတ်တစ်ဦးဖြစ်သူ မာလမ်သည် အသက် ၇၀ ကျော်အရွယ်ရှိပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် ယမန်နေ့က ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားသမ္မတ၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ မာလမ်သည် မတ်လအတွင်းက ဂျာမနီနိုင်ငံသို့ တရားဝင်ခရီးစဉ်တစ်ခု သွားရောက်ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မတ်လ ၂၉ ရက်တွင် မာလမ်က ၎င်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း အတည်ပြုခဲ့ပြီး ကုသမှုခံယူရန် စီးပွားရေးအချက်အချာမြို့တော် လေးဂို့စ်မြို့ရှိ ကျန်းမာရေးဌာနတစ်ခုသို့ သွားရောက်နေကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးကောင်းမွန်ပြီး ရောဂါလက္ခဏာများ မပြသကြောင်း မာလမ်က အဆိုပါ ထုတ်ပြန်ချက်အတွင်း ပြောကြားခဲ့သည်။ တိုင်းပြည်တစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၄၉၃ မှုနှင့် သေဆုံးသူ ၁၇ ဦးရှိကြောင်း နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးဗဟိုဌာနက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-ကျော်ထိုက်စိုး



နိုင်ဂျီးရီးယားသမ္မတ မူဟာမ်မာဒူဘူဟာရီနှင့် သမ္မတ၏ထိပ်တန်း လက်ထောက် မာလမ်အတ်ဘာခါရီ

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိလာ



**တိုကျို မေ ၁၈**

ဂျပန်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၀၉၈ ဦးရှိလာကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအစိုးရက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဂျပန်အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယခုကဲ့သို့ ရောဂါကူးစက်ခံရသူဦးရေ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု ဂျပန်အစိုးရက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ပထမဆုံးလူနာတစ်ဦးကို စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် သုံးလအကြာ မေ ၉ ရက်တွင် ရောဂါကူးစက်ခံရသူ ၅၀၀၀ ကျော်ရှိလာခဲ့ပြီး နောက်ထပ်ကိုးရက်အကြာ မေ ၁၈ ရက်တွင် ရောဂါကူးစက်ခံရသူဦးရေ နှစ်ဆမြင့်တက်လာခဲ့သည်။

အလားတူပင် တိုကျိုမြို့တစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁ ဦးကို ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းမှစ၍ တိုကျိုမြို့အတွင်း ရောဂါကူးစက်ခံရသူပေါင်း ၂၉၇၅ ဦးရှိလာကြောင်း သိရသည်။

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တိုကျို၊ အိုဆာကာ၊ ကာနာဂါဝါ၊ ဆိုင်းတမ၊ ချီဘာ၊ ဟိုင်ယိုဂိုနှင့် ဖူကူအိုကာ စသည့် စီရင်စုခုနစ်ခုတွင် မေ ၇ ရက်က ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း ဆက်လက်မြင့်တက်လာသောကြောင့် ဂျပန်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ စီရင်စု ၄၇ ခုလုံးတွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ကို မေ ၁၆ ရက်တွင် ထပ်မံထုတ်ပြန်ကြေညာခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-ဂျေတီ

# ဆေးရုံများအား ဆိုက်ဘာတိုက်ခိုက်မှုအပေါ် လုံးဝသည်းခံမည်မဟုတ်ကြောင်း မိုက်ပွန်ပီယို ပြောကြား




**ပရာ့ဂ် မေ ၁၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ကိုရိုနာဗိုင်းရပ်စ်နှင့် ရင်ဆိုင်တိုက်ပွဲဝင်နေကြသည့် ချက်နိုင်ငံမှ ဆေးရုံများကို ပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုများအပေါ် စိုးရိမ်ပူပန်မိကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ထုတ်နေစဉ် အရေးကြီးသော ကျန်းမာရေးဝန်ဆောင်မှုများပေးနေသည့် ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအပေါ်တွင် မလိုမုန်းထား ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ခြင်းသည် အလွန့်အလွန် ဆိုးရွားသည့်ရလဒ်များကို ပေါ်ပေါက်စေနိုင်ကြောင်း ပွန်ပီယိုက ပြောကြားသည်။

တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူ မည်သူမဆို ၎င်းတို့လုပ်ရပ်၏ အကျိုးဆက်များကို မျှော်လင့်ထားရမည်ဟု အေအက်ဖ်ပီသတင်းဌာနက ရရှိသည့် ကြေညာချက်တစ်စောင်တွင် မိုက်ပွန်ပီယိုက ဖော်ပြသည်။

ချက်နိုင်ငံမှ ဆေးရုံများသည် မကြာသေးမီက ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရကြောင်း ထုတ်ပြန်ခဲ့ကြသည်။ ယခုအချိန်တွင် အခြေအနေ ငြိမ်သက်နေကြောင်း၊ မိမိတို့အနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများကို ဆေးရုံတစ်ခုချင်းစီတွင် ကြုံတွေ့ခဲ့ရကြောင်း၊ ၎င်းတိုက်ခိုက်မှုများကို တားဆီးနိုင်ခဲ့ကြောင်း ချက်နိုင်ငံကျန်းမာရေးဝန်ကြီး အဒမ်ဗော့ဂျ်တက်က ယမန်နေ့က ပြောကြားခဲ့သည်။

ချက်နိုင်ငံအရှေ့ပိုင်းရှိ မြို့များဖြစ်သည့် အိုလိုမောက်၊ အိုဆထရာဗာ အပါအဝင် အခြားဒေသအများအပြားရှိ ဆေးရုံများက ၎င်းတို့၏ ကွန်ပျူတာစနစ်များ တိုက်ခိုက်ခံရကြောင်း ကြေညာခဲ့ကြသည်။ ချက်အမျိုးသားဆိုက်ဘာနှင့် သတင်းအချက်အလက် လုံခြုံရေးအေဂျင်စီ (NUKIB) က ယင်းဆိုက်ဘာတိုက်ခိုက်မှုများ မည်သည့်နေရာကလာသည်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ချက်သမ္မတနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပါအဝင် အခြားမည်သည့်နေရာတွင်မဆို အလားတူကျန်းမာရေး စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် မေတ္တာရပ်ခံကြောင်း ပွန်ပီယိုက ပြောကြားသည်။

အစိုးရများကိုလည်း ၎င်းတို့၏ပိုင်နက်နယ်မြေများတွင် ၎င်းတိုက်ခိုက်မှုမျိုးကို လုပ်ဆောင်နေသည့် ရာဇဝတ်ကောင်များ သို့မဟုတ် အဖွဲ့အစည်းများကို မျက်ကွယ်မပြုကြရန် မေတ္တာရပ်ခံကြောင်း၊ ထိုကဲ့သို့တိုက်ခိုက်မှုများကို လုံးဝသည်းခံမည်မဟုတ်ကြောင်း မိုက်ပွန်ပီယိုက ကတိပြုပြောကြားသည်။

အီးယူနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး လူဦးရေ ၁၀ ဒသမ ၇ သန်းရှိသည့် ချက်သမ္မတနိုင်ငံက နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၆၅၅၃ ဦးရှိပြီး သေဆုံးသူ ၁၇၆ ဦးရှိသည်ဟု စနေနေ့ နံနက်က ထုတ်ပြန်ခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ရမ်ဒီဆီဗီယာကို မျောက်သတ္တဝါတွင် စမ်းသပ်ကုသခြင်းအား ထိရောက်မှုရှိဟုဆို

**ဝါရှင်တန် မေ ၁၈**

စမ်းသပ်ဆဲ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး ရမ်ဒီဆီဗီယာ (remdesivir ) ကို မျောက်သတ္တဝါများအား စမ်းသပ်မှုပြုလုပ်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ကုသနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီဟု အမေရိကန်အစိုးရ သိပ္ပံပညာရှင်များက ယမန်နေ့တွင် ပြောကြားသည်။

**လိုက်နာဆောင်ရွက်ရန် ရည်ရွယ်**

ယင်းစမ်းသပ်လေ့လာမှုသည် ပဏာမအဆင့်တွင်သာရှိသေးပြီး အခြားသိပ္ပံပညာရှင်များက သုံးသပ်မှုမပြုရသေးပေ။ ယင်းလေ့လာမှုကို များပြားသည့် လူသားများတွင် စမ်းသပ်ရန်အတွက် ဆေးရုံတက်ရောက်နေသည့် ကိုဗစ်-၁၉ လူနာများအတွက် အသုံးပြုသည့် ဆေးတိုက်ခြင်းနှင့်ကုသခြင်း ထုတ်လုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းလေ့လာမှုတွင် ဆားစ်ရောဂါ (SARS-CoV-2) ဗိုင်းရပ်စ်ပိုး ထည့်သွင်းထားသည့် မျောက်နီခြောက်ကောင် အုပ်စုနှစ်စုပါဝင်သည်။ ပထမအုပ်စုကို ဂီလိဒ်သိပ္ပံက ထုတ်လုပ်သည့် အဆိုပါဗိုင်းရပ်စ် ကာကွယ်ဆေးကို ထိုးပေးပြီး



အခြားအုပ်စုကို မည်သည့်ဆေးမျှ ထိုးမပေးပေ။

ကာကွယ်ဆေးထိုးပေးမည့် မျောက်အုပ်စုကို ၎င်းတို့ ဗိုင်းရပ်စ်ကူးစက်ခံရပြီး ၁၂ နာရီအကြာတွင် ကာကွယ်ဆေးကို အကြောအတွင်းသို့ ပထမဆုံးထိုးပေးသည်။ ထို့နောက် ခြောက်ရက်ကြာအောင် ကာကွယ်ဆေးကို နေ့စဉ်ထိုးပေးသည်။ ၎င်းတိရစ္ဆာန်များ၏ အဆုတ်များတွင် ဗိုင်းရပ်စ်ပိုးများ အများဆုံးပမာဏ မရောက်ရှိမီအချိန်တွင် ပထမဆုံးဆေးကို ထိုးသွင်းပေးရန် သိပ္ပံပညာရှင်များက အချိန်ကိုက် သတ်မှတ်ထားသည်။

ဆေးကုသမှုရရှိသည့် တိရစ္ဆာန်များသည် ပထမဆုံးဆေးထိုးခြင်းခံရပြီးနောက် ၁၂ နာရီအကြာတွင် သိသာထင်ရှားသည့် တိုးတက်မှုကို ပြသသည်။ တစ်ပတ်ကြာ လေ့လာမှုအတွင်း အလားအလာကောင်း ဆက်လက်ရရှိခဲ့သည်။ ဆေးကုသမှုရရှိသည့် တိရစ္ဆာန်ခြောက်ကောင်အနက် တစ်ကောင်သည် မပြင်းထန်သည့် အသက်ရှူရခက်ခဲသည့် အခြေအနေကို ပြသသည်။ သို့သော်လည်း ဆေးကုသမှုမပေးဘဲထားသည့် တိရစ္ဆာန်ခြောက်ကောင်စလုံးသည် ရုတ်ခြည်းအသက်ရှူရခက်ခဲလာသည်။

အဆုတ်များထဲတွင် တွေ့ရသည့်ဗိုင်းရပ်စ်ပိုးပမာဏသည် ဆေးကုသမှုမရရှိသည့် တိရစ္ဆာန်အုပ်စုထက် ဆေးကုသမှုရရှိသည့်အုပ်စုတွင် သိသိသာသာနည်းပါးသည်ကို တွေ့ရသည်။ ဆေးကုသမှုရရှိသည့်အုပ်စုတွင် အဆုတ်ပျက်စီးမှု နည်းပါးသည်ကိုလည်း တွေ့ရသည်။

ရမ်ဒီဆီဗီယာဆေးသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အတွက် ကုသဆေးအဖြစ် အဆိုပြုကြသည့် ပထမဆုံးဆေးဝါးများတွင် ပါဝင်သည်။ ၎င်းဆေးကို လက်တွေ့ကုသမှုများ ပြုလုပ်ရာတွင် တိုးတက်မှုများ တွေ့ရသည်။ ချီကာဂိုဆေးရုံမှ အဆိုပါလက်တွေ့ကုသမှုများတွင် ပါဝင်ခဲ့သည့် လူနာများကို ကုသရာတွင် အဆိုပါဆေးသည် ကောင်းမွန်သည့်အကျိုးအာနိသင်ကို ပြသခဲ့ကြောင်း ကျန်းမာရေးသတင်းဝက်ဘ်ဆိုက် Stat က ကြာသပတေးနေ့တွင် ဖော်ပြသည်။ ရမ်ဒီဆီဗီယာဆေးသည် ကိုရိုနာဗိုင်းရပ်စ်ကို ဖျက်ဆီးနိုင်သည့် သန္ဓေပြောင်းလဲမှုကို ယင်းဗိုင်းရပ်စ်အတွင်း၌ ဖြစ်ပေါ်စေသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ဇော်လင်း**



# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၀၀၀ ကျော်ရှိလာပြီး သေဆုံးသူ ၁၅၈ ဦးရှိ

**ဂျေရုဆလင် မေ ၁၈**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံတွင်း၌ ယင်းရောဂါကူးစက်ခံရသူဦးရေ ၁၃၁၀၇ ဦး အထိ တိုးမြင့်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည် ။

ကိုဗစ်-၁၉ ရောဂါကြောင့် ယမန်နေ့ ညနေပိုင်းက လူခုနစ်ဦး သေဆုံးခဲ့ပြီး စုစုပေါင်းသေဆုံးသူ ဦးရေမှာ ၁၅၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၉၀ အား ဆေးရုံတင်ကုသပေးထားပြီး လူနာ ၁၆၇ ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိနေသည်။ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူဦးရေမှာ ၃၂၄၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- ဇော်ဝင်း**

# ကမ္ဘာကြီး၌ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေစဉ် နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးများ ပြန်လည်ဆင်းသက်

**မော်စကို မေ ၁၈**

ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့ချိန်အတွင်း နိုင်ငံတကာ အာကာသယာဉ် (အိုင်အက်စ်အက်စ်)တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်နိုင်ငံသား အာကာသယာဉ်မှူးနှစ်ဦးနှင့် ရုရှားနိုင်ငံသား အာကာသယာဉ်မှူးတစ်ဦးတို့သည် ယမန်နေ့က ကမ္ဘာမြေပြင်ပေါ်သို့ လုံခြုံဘေးကင်းစွာ ပြန်လည်ဆင်းသက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသား အာကာသယာဉ်မှူး အင်ဒရူးမော်ဂန်၊ ဂျက်စီကာမီယာနှင့် ရုရှားနိုင်ငံသား အာကာသယာဉ်မှူး အိုလက်ဂျက်ကရီပိုချက်ကာတို့သည် ကာဇက်စတန်အလယ်ပိုင်းဒေသ၌ မေ ၁၆ ရက် ဂရင်းနစ်စံတော်ချိန် ၀၅:၁၆ နာရီတွင် ဆင်းသက်ခဲ့ကြသည်။

**ကမ္ဘာ့မြေမှ ကြိုဆို**

၎င်းအာကာသယာဉ်မှူးများ အဖွဲ့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ကမ္ဘာမြေသို့ ပထမဆုံးပြန်လည်ဆင်းသက်ခဲ့သည့်အဖွဲ့ဖြစ်သည်။

အမေရိကန်အာကာသယာဉ်မှူး မော်ဂန်သည် ယမန်နှစ် ဇူလိုင်လအတွင်းကပင် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)၌ တာဝန်ထမ်းဆောင်နေခဲ့သူဖြစ်ပြီး အာကာသယာဉ်မှူး ဂျက်စီကာမီရာနှင့် ရုရှားအာကာသယာဉ်မှူးတို့မှာ နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ စက်တင်ဘာလအတွင်း၌ ရောက်ရှိခဲ့သည်။




ပြန်လည်ဆင်းသက်လာသည့် အာကာသယာဉ်မှူးများအား ကမ္ဘာပေါ်မှ ကြိုဆိုပါကြောင်း အာကာသအေဂျင်စီ ရိုလိုမော့စ်ဇ်၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ညောင်ဦးမြို့နယ်၌ မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း ယာယီပျံ့ကျဈေးများ ဖွင့်လှစ်ထားရှိ

**ညောင်ဦး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ပြည်သူများ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ အတွင်း လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် ညောင်ဦးမြို့ မဏိစည်သူဈေးနှင့် ဘုန်းဇဉ်ကျောင်းဝင်းအတွင်းရှိ ဈေးသည်များအား ညောင်ဦးမြို့ ပြည်သူ့အားကစားကွင်း နှင့် ရွှေစည်းခုံဘုရားဝင်းအတွင်းသို့ ယာယီပျံ့ကျဈေးဆိုင်ခန်းများ စနစ်တကျ နေရာသတ်မှတ်၍ ပြောင်းလဲဖွင့်လှစ်ထားရှိပေးထားကြောင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ညောင်ဦးမြို့ မဏိစည်သူဈေးနှင့် ဘုန်းဇဉ်ကျောင်းဝင်းရှိ ပျံ့ကျဈေးများအား မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ကာလအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် ဧပြီ ၁၆ ရက်မှစတင်ကာ ယာယီပိတ်ထားလျက်ရှိသည်။ ယခုအခါ မြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများ အခက်အခဲမရှိ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့မိမြို့ဖများ စုပေါင်းပြီး ညောင်ဦးမြို့ ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း ယခုကဲ့သို့ ယာယီပျံ့ကျဈေးအား ပြောင်းရွှေ့ဖွင့်လှစ် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း ယာယီပျံ့ကျဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချရာတွင်လည်း ပြည်သူများ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ဈေးဝင်ပေါက်၊ ထွက်ပေါက်များ၌ လက်ဆေးရန်ဘေစင်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဈေးရောင်းချသူများ လက်အိတ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်၍ ဈေးရောင်းချခွင့်ပြုခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းများ လိုက်နာဆောင်ရွက်စေခြင်း၊ လာရောက်ဈေးဝယ်ယူကြသည့်ပြည်သူများကိုလည်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာ ဈေးဝယ်ယူကြရန်တို့ကို ကြိုတင်အသိပေး ကြေညာထားခြင်းများ ပြုလုပ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။



"ယာယီပျံ့ကျဈေးကို နှစ်နေရာခွဲပြီး ရောင်းချခွင့်ပေးတဲ့နေရာမှာလည်း မြို့နယ်ပြည်သူ့အားကစားကွင်းမှာ သားငါးတန်းဈေးဆိုင်များအဖြစ် သီးခြားနေရာ သတ်မှတ်ထားရှိပြီး ရွှေစည်းခုံဘုရားဝင်းမှာ အသီးအရွက်ဆိုင်တွေနဲ့ ကုန်ခြောက်ဈေးဆိုင်ခန်းတွေကို ရောင်းချစေတာဖြစ်ပါတယ်။ ရောင်းချပေးတဲ့ ဆိုင်ခန်းအနေနဲ့ကတော့ သား၊ ငါးဆိုင်ခန်းပေါင်း ၈၀ ခန့်နှင့် အသီးအရွက်နဲ့ ကုန်ခြောက်ဆိုင်ခန်းပေါင်း ၅၀၀ ကျော်ခန့် ရောင်းချပေးနေတာဖြစ်ပါတယ်။ အခုဆိုရင် ဈေးဆိုင်ခန်းတွေကို ခြောက်ပေအကွာ စနစ်တကျ နေရာသတ်မှတ်ပြီး ရောင်းချခွင့်ပြုထားတဲ့အတွက် လူစုလူဝေး မဖြစ်ပေါ်စေတဲ့အပြင် လေဝင်လေထွက် ကောင်းမွန်ပြီး ဈေးရောင်းသူအတွက်ရော ဈေးဝယ်သူများအတွက်ပါ အားလုံးအဆင်ပြေပါတယ်" ဟု ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မဏိစည်သူဈေးတာဝန်ခံ ဦးအောင်ကျော်မြင့်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**❖ ကျောဖုံးမှ**

အိမ်ထောင်စု (၁)စုလျှင် ကျပ် ၁၃၀၀၀ တန်ဖိုးရှိ ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ဆား (၅၀) ကျပ်သားနှင့် ကြက်သွန်နီ (၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင် ဝက်လက်မြို့တွင် အိမ်ထောင်စု ၉၂၈၅ စု၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် အိမ်ထောင်စု ၅၇၆၆ စု၊ ကသာခရိုင် ကောလင်းမြို့တွင် အိမ်ထောင်စု ၃၆၄၉ စု၊ ခန္တီးခရိုင် ခန္တီးမြို့တွင် အိမ်ထောင်စု ၈၇၀ နှင့် ဟုမ္မလင်းမြို့တွင် အိမ်ထောင်စု ၈၉၁ စုတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် အိမ်ထောင်စု ၂၅၃ စု၊ လေရှီးမြို့တွင် အိမ်ထောင်စု ၁၀၂ စုနှင့် နန်းယွန်းမြို့တွင် အိမ်ထောင်စု ၃၇၈ စု စုစုပေါင်း အိမ်ထောင်စု ၇၃၃ စုအတွက် အိမ်ထောင်စု (၁)စုလျှင် ဆန် (၈)ပြည်နှုန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် အခြေခံစားသောက်ကုန်များဖြစ်သော ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီများကို စုဆောင်းဝယ်ယူလျက်ရှိကာ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့က မိုးကောင်းမြို့နယ်အတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**မိုးကောင်း ဧပြီ ၁၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မိုးကောင်းမြို့နယ်အတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ Dispasable နှာခေါင်းစည်း ၁၃၀၀၀ နှင့် Examination Glove အစုံ ၅၀၀၀ တို့ကိုပေးအပ်ရာ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးဝင်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**ဝင်းနိုင်(ကချင်မြေ)**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**လှိုင်းဘွဲ့ ဧပြီ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သော အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ လာရောက်လှူဒါန်းခဲ့ကြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လျင်မြန်လွယ်ကူစေရန်နှင့် ထိရောက်စေရန် လိုအပ်နေသော ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပေးရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Network activities Group မှ လက်သန့်ဆေးရည်ခြောက်ဘူး၊ နှာခေါင်းစည်း အခု ၁၂၀၀၊ ဆေးဖျန်းပုံးတစ်ပုံး၊ အရက်ပြန်ခြောက်ဘူး၊ ရော်ဘာလက်အိတ် ၁၀ ခု၊ လစဉ်သုံးဂွမ်းထုပ် ၁၀ ထုပ်၊ World Vision မှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ငါးစုံ၊ N–90 နှာခေါင်းစည်း အခု ၂၀၊ နှာခေါင်းစည်း အခု ၄၀၀၊ သာမိုမီတာ ငါးခု၊ လက်အိတ် ၁၀၀၀၊ Hand Gel ဘူး ၂၀၊ အရက်ပြန် ဘူး ၂၀၊ လက်သန့်ဆေးရည် ဘူး ၂၀၀၊ Maltesar International မှ Clothes နှာခေါင်းစည်း အခု ၅၀၀၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း အခု ၅၀၀၊ Save the Children မှ သာမိုမီတာ ၅၁ ခုတို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်း နှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျ နှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလ နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၉၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့ တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာ တွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ကန့်သတ်စောင့်ကြည့်မှုပြုလုပ်မည့် ဟားခါးကောလိပ်သို့ သွားရောက်စစ်ဆေး

**ဟားခါး မေ ၁၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့သည် ယနေ့ ညနေ ၃ နာရီခွဲက မေ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရစ်(ချ်)တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ဘုရားကျောင်းနံရံနှင့် ကြမ်းခင်းများ အက်ကွဲမှုဖြစ်ပေါ်ခဲ့သည့် ဟားခါးမြို့ ဇိအုန်နှစ်ခြင်းအသင်းတော်ဘုရားကျောင်းနှင့် ဗေသလ နှစ်ခြင်းအသင်းတော်ဘုရားကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဇိအုန်နှစ်ခြင်း အသင်းတော်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ရာ သင်းအုပ်ဆရာ သိက္ခာတော်ရ ဆရာ ဒင်းနစ်ငွန်ထောင်းမန်ကလည်းကောင်း၊ ဗေသလနှစ်ခြင်း အသင်းတော်အတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်ရာ လက်ထောက်သင်းအုပ်ဆရာ သိက္ခာတော်ရဆရာ ဒေါက်တာကျဲအိုဆန်ကုန်းကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အဖွဲ့သည် အသွားအလာကန့်သတ်စောင့်ကြည့်မှုပြုလုပ်မည့် ဟားခါး ကောလိပ်ရှိ ကနေဒီဆောင်သို့ရောက်ရှိကြပြီး ကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများက အိပ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ရေ၊ မီးရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ ရေအိမ်၊ ရေချိုးခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ ဆောင်ရွက်ထားရှိမှု၊ ပိုးသတ်ဆေးဖျန်းခြင်းများ စနစ်တကျဆောင်ရွက်ထားရှိမှုအခြေအနေ တို့ကို လိုက်လံရှင်းလင်းပြသကြရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## သန်လျင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အရှိန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၁၈**

သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့ဝင် စစ်ပင်ကွင်းကျေးရွာထိပ် စစ်ဆေးရေးဂိတ်တွင် မေ ၁၈ ရက်က ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပူချိန်တိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြန်လည်ဖွင့်လှစ်သောဈေးများတွင်လည်း ဈေးရောင်းသူများနှင့် ဈေးဝယ်သူများ နှာခေါင်းစည်းများ တပ်ရေး၊ လက်ဆေးခြင်းနှင့် လိုအပ်သောကျန်းမာရေး အသိပညာပေးခြင်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား အများပြည်သူတို့ သိရှိနိုင်ရေး အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ညနေပိုင်းတွင် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**





## ကောလင်းမြို့နယ်၌ ပျံကျဈေးသည်များအား ပြည်သူ့အားကစားကွင်းသို့ ပြောင်းရွှေ့ရောင်းချနိုင်ရန် နေရာများစီစဉ်

**ကောလင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကောလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့မဈေးကြီးမှ ဆိုင်ခန်းပေါင်း ၆၉၉ ခန်းနှင့် ဝက်သားဆိုင် ခြောက်ဆိုင်နှင့် အမဲသားဆိုင်တစ်ဆိုင်သာ ကျန်ခဲ့ပြီး ပျံကျဈေးသည်များအား ပြည်သူ့အားကစားကွင်း၌ ရောင်းချနိုင်ရန် မေ ၁၇ ရက်က နေရာများစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်သူ့အားကစားကွင်း၌ ပျံကျဈေးကို မေ ၁၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပျံကျဈေးသည်များအတွက် တစ်ဦးချင်းစီရောင်းချနိုင်ရန် ငါးပေ သတ်မှတ်ပြီး တစ်ဦးနှင့်တစ်ဦး အကွာအဝေး ခြောက်ပေစီ သတ်မှတ်ထားကြောင်းသိရပြီး မရှိမဖြစ်လိုအပ်သော အိမ်သာများ၊ အမှိုက်စွန့်ပစ်ရန်ထားရှိမည့်ကန်နှင့် ရေကားတစ်စီးထားရှိပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပျံကျဈေးတန်း၌ ဈေးဝယ်သူများနှင့် ဈေးရောင်းချသူများ နှာခေါင်းစည်းတပ်ကြရန်နှင့် နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

## ဘောလခဲမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်



**ဘောလခဲ ဧပြီ ၁၈**
ကယားပြည်နယ် ဘောလခဲမြို့နယ် နန်းဖဲကျေးရွာ၌ ယနေ့မွန်းလွဲ ၂ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရုံးပင်ကျိုးကျပြီး လွိုင်ကော်-ဘောလခဲ ကားလမ်းမကြီးပေါ် ပိတ်မိခဲ့သည်။

ထို့အတူ နန်းဖဲကျေးရွာအတွင်း ဦးအာကွီး၏အိမ် အရှေ့ဘက်ခြမ်းရှိ ညောင်ကြပ်ပင်မှာ ကျိုးကျ၍ နေအိမ်ပိမိပြီး အိမ်အပေါ်ထပ် ခေါင်းရင်းဘက်မှ သွပ်ပြားများ ပျက်စီးခဲ့သည်။ လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရပ်ထားသော ဆိုင်ကယ်နှင့်ကားနှစ်စီးသာ အနည်းငယ်ထိခိုက်ပွန်းပဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဘောလခဲမြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးဖြူချေ ဦးစီးသော တပ်ဖွဲ့ဝင် ၁၀ ဦး၊ နန်းဖဲရဲကင်းမှူး ရဲအုပ်ကျော်မြင့်ခိုင်ပါ တပ်ဖွဲ့ဝင် လေးဦး၊ နန်းဖဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအယ်ဒီးမူနှင့် ရွာသူ၊ ရွာသားများ ပါဝင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှရွှေ

## ရေဦးမြို့နယ်၌ မိုးသက်လေပြင်းကျရောက်ခဲ့မှုကြောင့် လူနေအိမ်များပျက်စီးမှုများဖြစ်ပေါ်

**ရေဦး ဧပြီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ဧပြီ ၁၇ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းနှင့်အတူ မိုးသီးများကျရောက်ခဲ့ပြီး လူနေအိမ် အဆောက်အဦပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

မိုးသက်လေပြင်းကျရောက်ခဲ့မှုကြောင့် စည်သာမြေကျေးရွာနှင့် မြင်းပေါက်ကျေးရွာတွင် နေအိမ် ၂၃ လုံး သွပ်မိုးများ ပျက်စီးခဲ့ကြောင်း၊ သံသည်ကျေးရွာနှင့် ရေဦးကုန်းကျေးရွာတွင် နေအိမ်နှစ်လုံး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၂၁ စုတို့အား မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့မှုများပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းထိုက် (ရေဦး)



## ရှမ်းပြည်နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အဦများ ပျက်စီး

**နေပြည်တော် ဧပြီ ၁၈**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် သရက်အုပ်မြောက်ကျေးရွာ၌ ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာ၌ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ မွန်းလွဲ ၂ နာရီထိ လေပွေတိုက်ခတ်မှုကြောင့် စာသင်ကျောင်း ယာယီဂိုဒေါင်တစ်လုံးနှင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း။

ထို့အတူ တောင်ကြီးမြို့နယ် တောင်ကြီး- အေးသာယာအဆင်းလမ်း မိုင်တိုင်(၁၁၀)၌ ည ၇ နာရီမှ ၈ နာရီထိ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ပင်လဲကျခဲ့ရာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့၍ ည ၈ နာရီ ၅ မိနစ်တွင် တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ရဲပြန်ကြား

## တောင်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၈**
တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့နယ် ဘန်ကွဲကျေးရွာအနီး တောင်ကြီး- မိုင်းပျဉ်းသွားကားလမ်း၌ အိုက်လန်(ခ) နန္ဒိယမောင်နှင့်ပြီး မနန်းနွမ်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အိုက်လန်(ခ)နန္ဒိယ၊ မနန်းနွမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## လှည်းကူးမြို့နယ် မဟူရာကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်ခွဲသား ၁၈၁ ချောင်း သိမ်းဆည်းရမိ

**ရန်ကုန် ဧပြီ ၁၈**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မဟူရာကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၇ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် စီးပွားရေးကျွန်းစိုက်ခင်းဟောင်းများ လှည့်လည်စစ်ဆေးခြင်း၊ တရားမဝင်သစ်များဖမ်းဆီးခြင်း ဆောင်ရွက်နေစဉ် မဟူရာကြိုးဝိုင်း အကွက်အမှတ်(၆၀)အတွင်းမှ တရားမဝင်သစ်ခွဲသား ဆိုဒ်စုံ ၁၈၁ ချောင်း (၈ ဒသမ ၁၉၆၂ တန်) သိမ်းဆည်းရမိသဖြင့် သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)



## ဆောမြို့နယ်၌ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ဆော ဧပြီ ၁၈**
ဂန့်ဂေါခရိုင် ဆောမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် သစ်တောလုံခြုံရေးအတွက် ကင်းလှည့်လျက်ရှိရာ ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီခန့်က ဆော (မြောက်)ဘိနယ်အတွင်း အညာကတင်းကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ဆောကြိုးပြင်တောအတွင်း ကျွန်းခွဲသား ရှစ်ချောင်း၊ ပျဉ်းကတိုးခွဲသား ငါးချောင်းနှင့် ထောက်ကြံ့ခွဲသား ခုနစ်ချောင်း စုစုပေါင်း အချောင်း ၂၀(၁ ဒသမ ၅၀၇၃ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။

စိန်ကျော်

■

## ရေနံချောင်းမြို့နယ်၌ အမျိုးသားတစ်ဦး ထန်းပင်ပေါ်မှ ပြုတ်ကျသေဆုံး

**ရေနံချောင်း ဧပြီ ၁၈**
ရေနံချောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက အမျိုးသားတစ်ဦး ထန်းပင်ပေါ်တက်၍ ထန်းလက်ခုတ်ချစဉ် ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့နယ် လင်ပင်ရှိုကျေးရွာနေ ဦးငွေလှသည် သမက် ဝေယံစိုးနှင့်အတူ ထန်းပင်ပေါ်တက်၍ ထန်းလက်များ ခုတ်ချနေစဉ် ထန်းပင်ပေါ်မှပြုတ်ကျသဖြင့် သမက်ဖြစ်သူ ဝေယံစိုးက ကျေးရွာနာရေးကူညီမှု အသင်းယာဉ်ဖြင့် ရေနံချောင်းဆေးရုံသို့ ပို့ဆောင်စဉ် ဝွေးကုန်းကျေးရွာအနီးအရောက်၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လှနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆန်းညွန့်(ရေနံချောင်း)


## ကျောက်တံခါး၌ ယာဉ်နှင့်ဆိုင်ကယ်တိုက်မိမှုကြောင့် တစ်ဦးသေဆုံး

**ကျောက်တံခါး ဧပြီ ၁၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်မြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ယာဉ်နှင့်ဆိုင်ကယ်တိုက်မိမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ချစ်ဖွယ်၏ ၂၂ ဘီးတွဲယာဉ်ပေါ်၌ ပြောင်းဖူးအိတ် ၆၈၀ အား တင်ဆောင်မောင်းနှင်လာစဉ် လားရာတူ ယာဉ်ကြောအတိုင်း ရှေ့မှ ကိုထွေးမောင်းနှင်ပြီး နောက်တွင်၎င်း၏ဇနီးဖြစ်သူ မဝင်းမာဌေးလိုက်ပါသည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ မဝင်းမာဌေးမှာ နေရာတွင်သေဆုံးခဲ့၍ ဆိုင်ကယ်မောင်းနှင်သူ ကိုထွေးမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိသဖြင့် အောင်မြင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။


ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်းချစ်ဖွယ်အား တောကျွဲအင်းနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)















## ဆွီဒင်တော်ဝင်မင်းသမီး ဆိုဖီယာ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်

ဆွီဒင်နိုင်ငံရဲ့ တော်ဝင်မင်းသမီးတစ်ဦးဖြစ်သူ ဆိုဖီယာဟာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တိုက်ဖျက်ရာမှာ စေတနာ့ဝန်ထမ်းအဖြစ် ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း ဟာပါဘဇာဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးဟာ အွန်လိုင်းကနေ လေ့ကျင့်ရေးသင်တန်းကို တက်ရောက်ခဲ့ပြီး ဆိုဖီယာဟမ်းမက်ဆေးရုံမှာ အခြားသော ကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်လျက်ရှိတာဖြစ်တယ်လို့ သိရပါတယ်။


ဒီလိုလုပ်ဆောင်ရာမှာ မင်းသမီးဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ကုသမှုခံယူနေရသူတွေနဲ့ တိုက်ရိုက်ထိတွေ့တဲ့နေရာမှာ လုပ်ဆောင်ခြင်းမျိုး မဟုတ်ပါဘူး။ သူဟာ ကိုရိုနာတိုက်ဖျက်ရေးလုပ်ငန်းလုပ်ဆောင်နေတဲ့ ဆရာဝန်တွေနဲ့ အခြားသော ကျန်းမာရေးဝန်ထမ်းတွေအတွက် လိုအပ်တာတွေကို ကူညီလုပ်ဆောင်ပေးနေတဲ့ လက်ထောက်အဖြစ် ပါဝင်ဆောင်ရွက်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

## ကြည့်ရှုသူ သန်း ၂၀၀ ပြည့်ခဲ့တဲ့ BIGBANG ရဲ့ တတိယမြောက် တေးဗီဒီယို Loser

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BIGBANG ရဲ့ တေးဗီဒီယိုတစ်ခုဟာ လတ်တလောမှာ ကြည့်ရှုသူသန်း ၂၀၀ ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ယခုလို ကြည့်ရှုသူသန်း ၂၀၀ ပြည့်ခဲ့တဲ့ အဖွဲ့ရဲ့တတိယမြောက် တေးဗီဒီယိုကတော့ Loser ဖြစ်ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်မှာ အဆိုပါ တေးဗီဒီယိုဟာ ယခုလို မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာပါ။ ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးဗီဒီယိုဟာ လေးနှစ်ကျော်ကာလအတွင်း ယခုလို အောင်မြင်မှုမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။





## ကိုယ်အလေးချိန် လျှော့ချခဲ့တဲ့ ရိန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ရိန်းဟာ လတ်တလောမှာ ကိုယ်အလေးချိန် ၂၂ ပေါင်ခန့်လျှော့ချခဲ့ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၇ ရက်မှာ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရိန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံနဲ့အတူ ရိန်းက သူဟာ ကိုယ်အလေးချိန် ၁၀ ကီလို( ၂၂ ပေါင်)ခန့် လျှော့ချခဲ့ပြီးဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ လက်ရှိသူ့ရဲ့ ကိုယ်အလေးချိန်ဟာ အသက် ၂၀ အရွယ်က ကိုယ်အလေးချိန်နဲ့ အတူတူပင်ဖြစ်ကြောင်းနဲ့ ဒီလို ကိုယ်အလေးချိန်လျှော့ချခဲ့တဲ့ နည်းလမ်းတွေကို ဗီဒီယိုဖိုင်တစ်ခုအတွင်း လမ်းညွှန်ဖော်ပြထားကြောင်းလည်း သိရပါတယ်။


ရိန်းရဲ့ ကိုယ်စားလှယ်ပြောကြားချက်အရ မင်းသားဟာ ပရိသတ်တွေနဲ့ ရင်းနှီးမှုပိုမိုရရှိစေဖို့ရာ ယခုလို ဗီဒီယိုဖိုင်တွေကို ဆက်လက်ရိုက်ကူးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါကြောင့် ပရိသတ်တွေအနေနဲ့ ရိန်းရဲ့နေ့စဉ်ဘဝကို ပိုမိုသိရှိခွင့်ရရှိတော့မှာဖြစ်ကြောင်းနဲ့ သူ့အနေနဲ့ ပရိသတ်တွေတောင်းဆိုတဲ့ ဗီဒီယိုမျိုးတွေကိုလည်း ရိုက်ကူးပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

## The King: Eternal Monarch အတွက် ဇာတ်ဝင်တေးသီဆိုပေးသွားမယ့် ဟွာဆာ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဟွာဆာဟာ အမျိုးသမီးတေးဂီတအဖွဲ့ MAMAMOO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလော တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် The King: Eternal Monarch အတွက် ဇာတ်ဝင်တေးတွေအနက် ဒုတိယပိုင်းမှာ ဟွာဆာသီဆိုထားတဲ့ တေးသီချင်းလည်း ပါဝင်မှာဖြစ်ကြောင်း အောကေပေါ့ပ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ရုပ်သံဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်တွေအတွက် ဇာတ်ဝင်တေးသီဆိုပေးထားတာဟာ ဟွာဆာအတွက်တော့ ပထမဆုံးအကြိမ်ပါ။ ဒီဇာတ်လမ်းတွဲမှာ ပါဝင်သွားမယ့် ဟွာဆာသီဆိုထားတဲ့ ဇာတ်ဝင်တေးဟာ ဇာတ်သိမ်းပိုင်းမှာ ထုတ်လွှင့်မယ့် တေးသီချင်းလည်း ဖြစ်ပါတယ်။ တေးသီချင်းရဲ့အမည်ကိုတော့ Orbit လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

ဟွာဆာဟာ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် စတင်ခဲ့ပြီး ခြောက်နှစ်အကြာမှာမှ ယခုလို ဇာတ်ဝင်တေးတစ်ပုဒ်ကို သီဆိုခွင့်ရခဲ့တာလည်း ဖြစ်ပါတယ်။ ဒီတေးသီချင်းမှာ ပေါ့ပ်ဆန်တဲ့ တေးဂီတမျိုးကို ထည့်သွင်းဖန်တီးထားပြီး ကိုယ်ချစ်တဲ့သူတွေကို ကာကွယ်ပေးထားတဲ့အချစ်မျိုးကို ဖွဲ့သီထားတာဖြစ်တယ်လို့လည်း သိရပါတယ်။



## ၂၀၂၀ ပြည့်နှစ်အတွင်း ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲအားလုံး ဖျက်သိမ်းကြောင်း တေလာဆွစ်ကြေညာ




ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က ယခုနှစ်အတွင်း ပြုလုပ်သွားဖို့ရာ စီစဉ်ထားပြီးဖြစ်တဲ့ ဖျော်ဖြေပွဲအားလုံးဖျက်သိမ်းကြောင်း လတ်တလောမှာ ထုတ်ပြန်ပြောကြားလိုက်တယ်လို့ အမ်တီဗွီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ပြုလုပ်သွားဖို့ ရည်ရွယ်ထားတဲ့ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွေကိုသာမက အခြားသော တေးသံရှင်တွေရဲ့ ဖျော်ဖြေပွဲတွေမှာ ပါဝင်သီဆိုပေးဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲတွေအားလုံး ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ ဒီလိုဖျက်သိမ်းခဲ့တာဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေကြောင့်ဖြစ်ကြောင်းလည်း သိရပါတယ်။

ကမ္ဘာတစ်ဝန်းက တေးသံရှင်တွေဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေ စတင်ဖြစ်ပွားချိန်မှစတင်ကာ တေးဂီတဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အချို့သော တေးသံရှင်တွေကလည်း ရက်ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ကြရာမှာ တေလာဆွစ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ဆုံး ထုတ်ပြန်ပြောကြားခဲ့သူပါ။

တေလာဆွစ်က မေ ၁၇ ရက်မှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်က နေတစ်ဆင့် ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ ယခုနှစ်အတွင်း ဖျော်ဖြေဖို့ရာ စီစဉ်ထားတဲ့ပွဲတွေ အားလုံးဖျက်သိမ်းကြောင်း ပြောကြားခဲ့ပြီးနောက်မှာ တေလာဆွစ်က ပရိသတ်တွေအနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ကြဖို့ တိုက်တွန်းပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

တေလာဆွစ်က ကိုဗစ်-၁၉ရောဂါနဲ့ပတ်သက်ပြီး အစိုးရက လူစုလူဝေးလုပ်တာတွေကို တားမြစ်ထားကြောင်း၊ လက်ရှိရင်ဆိုင်နေရတာတွေဟာ ဘဝမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုအသစ်ဖြစ်ကြောင်းနဲ့ ပရိသတ်တွေအတွက် လုံခြုံမှုနဲ့ အပြုအမူကောင်းတွေကို ဦးစားပေးလိုတာကြောင့် ဖျော်ဖြေပွဲတွေကို ယခုလို ဖျက်သိမ်းခဲ့တာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

## ဆမ်စမစ်သ်နဲ့ ဒေမီလက်ဗားတိုးတို့ရဲ့ တေးဗီဒီယိုသစ် ထုတ်လွှင့်

ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တွေဖြစ်ကြတဲ့ ဆမ်စမစ်သ်နဲ့ ဒေမီလက်ဗားတိုးတို့ စုံတွဲသီဆိုထားတဲ့ တေးသီချင်းသစ်အတွက် တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အမ်တီဗွီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောထုတ်လွှင့်ပေးခဲ့တဲ့ အဆိုပါ တေးဗီဒီယိုဟာ ဆမ်စမစ်သ်ရဲ့ တတိယမြောက်တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး I'm Ready လို့ အမည်ရပါတယ်။ ဒီတေးဗီဒီယိုမှာတော့ တေးသံရှင်တွေကို အိုလံပစ်ရွှေတံဆိပ်ဆုရှင်တွေအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

## ဒါရာရဲ့ အလှဓာတ်ပုံများဖော်ပြ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒါရာဟာ လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အလှဓာတ်ပုံတွေကို ဖော်ပြခဲ့ပါတယ်။

အဆိုပါ ဓာတ်ပုံတွေမှာ ဒါရာဟာ အသက်ကြီးလာပြီး အိုမင်းလာတယ်လို့ မထင်ရဘဲ ငယ်ရွယ်နုပျိုကာ လှပနေဆဲဖြစ်ကြောင်း ပရိသတ်တွေက မှတ်ချက်ပြုဖော်ပြခဲ့ကြကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့် - စုစည်းသည်

# ကွင်းလယ်ကစားသမား ပေါ့ဘာ မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုမည်ဟု ဆို




မန်ယူအသင်းကွင်းလယ်ကစားသမားပေါ့ဘာဟာ အသင်းနဲ့ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိမ့်မယ်လို့ စပိန်ဘောလုံးကျွမ်းကျင်ပညာရှင် ဘာလာဂူက ပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာအနေနဲ့ စပိန်ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့သူဖြစ်ပြီး လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့မရှိတာကြောင့် မန်ယူမှာပဲ ဆက်ရှိနေဖို့ ရာခိုင်နှုန်းများနေတယ်လို့ ဘာလာဂူက ဆိုပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ၂၀၁၁ ခုနှစ်မှာ မန်ယူအသင်းကို ရောက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ပေါ့ဘာအနေနဲ့ ဂျူဗင်တပ်အသင်းနဲ့အတူ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၁၂၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၂၈ ဂိုးသွင်းယူပေးနိုင်ခဲ့ တာဖြစ်ပါတယ်။ အဲဒီနောက် မန်ယူအသင်းက ၂၀၁၆ ခုနှစ်မှာ ပေါ့ဘာကို အိုးထရက်ဖို့ဒ်ဆီ ပြန်လည်ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိကလပ် မန်ယူအသင်းနဲ့အတူ ၉၉ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၂၄ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

**ပြောကြား**

မန်ယူအသင်းရဲ့ လက်ရှိနည်းပြ ဆိုးရှားရဲ့နေရာမှာ စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုနဲ့ အစားထိုးမယ့်အခွင့်အရေးကိုလည်း မန်ယူးအသင်းအနေနဲ့ လုပ်ဆောင်နိုင်မှာမဟုတ်ဘူးလို့ ဘာလာဂူက ပြောကြားခဲ့ပါတယ်။

ပိုချက်တီနိုဟာ ပြီးခဲ့တဲ့နိုဝင်ဘာလက စပါးအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံလိုက်ရကတည်းက အသင်းလက်မဲ့ဖြစ်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

# ကစားသမားဘဝစတင်ခဲ့သည့် လိုင်ယွန်အသင်းမှာပင် အနားယူမည်ဟု ဘင်ဇီမာပြောကြား

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ကရင်ဘင်ဇီမာဟာ သူ့ရဲ့ကစားသမားဘဝစတင်ခဲ့တဲ့ ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှာပဲ အနားယူသွားမယ်လို့ အရိပ်အမြွက်ပြောကြားလာပါတယ်။

ပြင်သစ်လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်တဲ့ ဘင်ဇီမာဟာ လိုင်ယွန်မြို့မှာ မွေးဖွားခဲ့သူဖြစ်ပြီး အသက် ၁၀ နှစ်အရွယ်မှာ လိုင်ယွန်အသင်းနဲ့အတူ လေ့ကျင့်ကစားခဲ့တာလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး ဘင်ဇီမာဟာ လိုင်ယွန်အသင်းနဲ့အတူ ကစားသမားဘဝဖြတ်သန်းခဲ့ရာမှာ ပွဲပေါင်း ၁၅၀ ကျော်ပါဝင် ကစားပေးခဲ့တာဖြစ်ပြီး ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အကြား လိုင်ယွန်အသင်းအတွက် ပြင်သစ်ပထမတန်းဖလား လေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဘင်ဇီမာကို ခေါ်ယူခဲ့ပြီး ဘင်ဇီမာဟာ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့နဲ့အတူ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလားလေးကြိမ်နဲ့ စပိန်လာလီဂါဖလားနှစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။






# မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်း အဖျားရောဂါမှ ပြန်လည်သက်သာလာ

မန်စီးတီးအသင်းရဲ့ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းဟာ အဖျားရောဂါကနေ ပြန်လည်သက်သာလာပြီဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူ့မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ရှိ၊ မရှိဆိုတာ မသေချာသေးဘူးလို့လည်း ဒီဘရိုင်းက ပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမားဒီဘရိုင်းနဲ့ သူ့ရဲ့မိသားစုဟာ နှစ်ပတ်ကြာ အဖျားရောဂါခံစားခဲ့ရတာ ဖြစ်ပါတယ်။ "ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် အခုကျန်းမာရေးကောင်းသွားပါပြီ။ ကျွန်တော်တို့မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ရှိ၊ မရှိဆိုတာကတော့ မသိပါဘူး။ မိသားစုမှာ ရောဂါလက္ခဏာ တချို့တော့ပြပါတယ်"ဟု ဒီဘရိုင်းက စကိုင်းအားကစားသတင်းဌာနကို ပြောကြားခဲ့ပါတယ်။ ဒီဘရိုင်းဟာ ဘောလုံးပွဲတွေ ရပ်နားထားခဲ့ပြီး ပြီးခဲ့တဲ့လက အသွားအလာကန့်သတ်ခဲ့ချိန်မှာ မန်ချက်စတာမှာ ရှိနေခဲ့သူလည်း ဖြစ်ပါတယ်။

❋ အီတလီမှ

အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂါဘရီယယ်လီဂရာဗီနာက ပြောကြားခဲ့ပါတယ်။

အီတလီနိုင်ငံအတွင်း ချမှတ်ထားတဲ့ အသွားအလာကန့်သတ်မှုကို မေ ၄ ရက်မှာ ရုပ်သိမ်းပေးဖို့ စီစဉ်ထားတယ်လို့လည်း သိရပါတယ်။


**ဆွေးနွေး**

"မေလကုန် ဇွန်လဆန်းမှာ ဘောလုံးပွဲတွေ ပြန်စနိုင်မှာပါ။ ဘောလုံးပွဲတွေကို ဖျက်သိမ်းလိုက်ဖို့ဆိုတာနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ပါသေးတယ်။ အီတလီနိုင်ငံသားတွေအတွက် ကိုရိုနာဗိုင်းရပ်စ်ကနေ ပြန်လည်ရှင်သန်လာဖို့နဲ့ အနာဂတ်မျှော်လင့်ချက်တွေကြောင့် ပြိုင်ပွဲတွေကို ဖျက်သိမ်းဖို့ အစီအစဉ်ကနေ ပြန်စနိုင်မယ့်ရက်ကို ရှာဖွေနေတယ်လို့" အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂါဘရီယယ်လီဂရာဗီနာက ပြောကြားခဲ့ပါတယ်။

**၂၃၀၀၀ နီးပါး သေဆုံးခဲ့**

အီတလီစီးရီးအေပွဲစဉ်တွေကို ပြန်လည်စတင်နိုင်ခဲ့မယ်ဆိုရင် အခြားအသင်းတွေထက် ဘရက်စီယာအသင်းနဲ့ တိုရီနိုအသင်းတို့ဟာ နောက်ဆုံးမှ ပြန်လည်စတင်နိုင်မှာဖြစ်တယ်လို့လည်း အီတလီပုံနှိပ်မီဒီယာတွေက ဖော်ပြထားပါတယ်။ ဘာလို့လဲဆိုရင် ဘရက်စီယာမြို့ဟာ အီတလီနိုင်ငံမှာ လူပေါင်း ၂၃၀၀၀ နီးပါး သေဆုံးခဲ့ရတဲ့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိခိုက်မှု အများဆုံးမြို့တွေထဲက တစ်မြို့လို့လည်း ဖော်ပြထားတာ ဖြစ်ပါတယ်။

# ဂျူဗင်တပ်တိုက်စစ်မှူး ဟီဂူအင် အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့ဖွယ်ရှိနေ




ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ဟီဂူအင်ဟာ မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းဆီ ပြောင်းရွှေ့ကစားဖွယ်ရှိနေတယ်လို့ သိရပါတယ်။

အယ်လ်အေဂလက်ဆီအသင်းဟာ တိုက်စစ်မှူး ဟီဂူအင်အပြင် ခီဒီယာနဲ့ မက်တူဒီတို့ကိုလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ အယ်လ်အေဂလက်ဆီအသင်းနည်းပြ ဘာရေ့စ်ချယ်လော့တီက ပြောကြားထားပါတယ်။

**သတင်းထွက်ပေါ်**

ဟီဂူအင်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီကစပြီး အေစီမီလန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့မှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေခဲ့ရတာ ဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းနဲ့အတူ ပုံမှန်ပွဲထွက် ကစားခွင့်မရတာကြောင့် အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ကစားဖို့စီစဉ်နေပြီး အယ်လ်အေဂလက်ဆီအသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတာ ဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်ဟာ ကစားသမားဘဝမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အောင်မြင်မှုအရှိဆုံးဖြစ်ပြီး ၂၀၀၇ ကနေ ၂၀၁၃ အထိပွဲပေါင်း ၁၉၀ မှာ သွင်းဂိုး ၁၀၇ ဂိုးသွင်းယူပေး နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် နာပိုလီအသင်းကို ပြောင်းရွှေ့ခဲ့ပြီး ဘောလုံးရာသီသုံးရာသီအတွင်း ၁၀၄ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၇၁ ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီး ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့လာခဲ့ကာ ၉၅ ပွဲမှာ ၄၅ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။



## အမရပူရမြို့နယ်၌ ရွှေသွယ်ရင်စပါးမျိုးများ အားထားစိုက်ပျိုးလာ

**မန္တလေး ဧပြီ ၁၈**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သောရေဖြင့် နွေစပါးများကို အားထားစိုက်ပျိုးလျက်ရှိရာ လက်ရှိကာလတွင် အစေ့ချစနစ်ဖြင့် စိုက်ပျိုးမှုပိုမိုများပြားလာပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေစပါး အစေ့ချစိုက်ပျိုးရာတွင် စပါးမျိုးစေ့ကို ရေစိမ်အညှောက်ဖောက်ကာ စိုက်ပျိုးကြသည်။ အစေ့ချစိုက်ပျိုးသည့်စနစ်မှာ စိုက်စရိတ်ကုန်ကျမှု ထက်ဝက်သက်သာလျက်ရှိသည်။ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်းများပြုလုပ်ပါက တစ်ဧက စိုက်စရိတ်မှာ ငွေကျပ် ၁၅၀၀၀၀ကျော် ကုန်ကျပြီး အစေ့ချစိုက်ရာတွင် လယ်တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀ ကျော်သာကုန်ကျသည်။ လက်ရှိကာလ နွေစပါး စိုက်ပျိုးမှုတွင် ရွှေသွယ်ရင်စပါးမျိုးကို အများစုစိုက်ပျိုးပြီး ပေါင်းသတ်ဆေးဖျန်းခြင်း၊ မြေဆီကျွေးခြင်းများကို စနစ်တကျ လုပ်ဆောင်လျက်ရှိကြောင်း တောင်သူ ကိုဇင်မင်းထွန်းထံမှ သိရသည်။

နှစ်စဉ် နွေစပါးစိုက်ပျိုးမှုတွင် တစ်ဧကလျှင် စပါး တင်း ၁၀၀ အထိထွက်သည့်အတွက် နွေစပါးကို အလေးထားစိုက်ပျိုးကြသည်။ ယခုနှစ် အမရပူရမြို့နယ်တွင် နွေစပါးဧက ၇၄၈၀နှင့် နှမ်းဧက ၄၈၀၀ ကို လျာထားစိုက်ပျိုးလျက်ရှိရာ စိုက်ဧက ၆၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အမရပူရမြို့နယ် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးက ပြောကြားသည်။

အမရပူရမြို့နယ်အတွင်းတွင် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းကာ အထွက်တိုးရန်အတွက် ဒေါင်းရွှေ နည်းပညာပေးစင်တာ၊ နတ်ရေကန်နည်းပညာပေးစင်တာ၊ တမုဆိုးနည်းပညာပေးစင်တာ၊ ဆင်ရွာမြင်းမူးနည်းပညာပေးစင်တာများအဖြစ် နည်းပညာပေးစင်တာလေးခု ထားရှိဆောင်ရွက်လျက်ရှိရာ တောင်သူများကလည်း စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကိုတွန်းလှန်နေရသည့်ကာလတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်အတွက် ကြိုးစားစိုက်ပျိုးလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## နတ်မောက်မြို့နယ် ဂွေးကန်တောင်ကျေးရွာတွင် သောက်သုံးရေ ဂါလန် ၄၄၀၀ ဖြန့်ဝေ

**နတ်မောက် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကျေးရွာအုပ်စု ဂွေးကန်တောင်ကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် ရေဂါလန် ၄၄၀၀ ကို ဧပြီ ယနေ့ နံနက် ၁၀ နာရီတွင် ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မကွေးခရိုင် ကျေးလက်ဦးစီးဌာနပိုင် ရေသယ်ယာဉ်ဖြင့် နတ်မောက်မြို့နယ် ဂွေးကန်တောင်ကျေးရွာရှိ အိမ်ခြေ ၁၂၀၊ လူဦးရေ ၄၄၀တို့အတွက် ရေဂါလန် ၄၄၀၀ကို သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်စေရန် အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ (စလင်း)**



## သောက်သုံးရေခက်ခဲသည့် အပြင်ဆိုင်ကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

**လပွတ္တာ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ရေဆိုင်ကျေးရွာအုပ်စု အပြင်ဆိုင်ကျေးရွာသို့ ဧပြီလ ဒုတိယပတ်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လပွတ္တာမြို့နယ်ရှိ ကျေးရွာများ ရေပြတ်လပ်မှု ဖြစ်ပေါ်နေကြောင်း သိလျှင်သိချင်း ရေသယ်ယာဉ်များစီစဉ်၍ ရေသွားရောက်လှူဒါန်းပေးလျက်ရှိရာ အပြင်ဆိုင်ကျေးရွာ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ လှူဒါန်းကာ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက သောက်သုံးရေပြတ်လပ်မှု မကြုံတွေ့စေရန် ကျေးရွာ၌ သောက်သုံးရေရရှိနိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေပေါင်း ၃၀၈ အိမ်ရှိပြီး လူဦးရေ ၁၁၆၀ နေထိုင်လျက်ရှိကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



## ကျွန်းလှမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုး ထောက်ပံ့

**ကျွန်းလှ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ပုံမှန်ဝင်မရှိသည့် အိမ်ထောင်စု ၇၅၇၃ စုအား နိုင်ငံတော်မှထောက်ပံ့သော အိမ်ထောင်စု(၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာ၊ ဆား (၅၀) ကျပ်သား စားသောက်ကုန်ပစ္စည်း(၅)မျိုးကို ဖြန့်ဝေပေးပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါထောက်ပံ့ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အိမ်တိုင်ရာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရေနံချောင်းမြို့၌ နေအိမ်အရောက် စားသောက်ကုန်များ ရောင်းချမှုကြောင့် စားသုံးသူများအဆင်ပြေ

**ရေနံချောင်း ဧပြီ ၁၈**

ရေနံချောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်အတွက် နေအိမ်အရောက်ပို့စနစ်ကြောင့် ရောင်းသူဝယ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ကြက်သားဝယ်မလား၊ ဟင်းသီးဟင်းရွက်ဝယ်မလား၊ ကြက်သွန်၊ ငရုတ်သီးခြောက်ဝယ်မလား၊ အပြင်ကိုထွက်စရာမလိုဘူး။ ဖုန်းနဲ့မှာရင်ရတယ်။ ဈေးလည်းပိုမပေးရတဲ့အပြင် ဝယ်သူစိတ်ကြိုက် အလေးပြည့်တယ်။ အသားဆိုလည်း မျက်နှာလွှဲခဲပစ်မလုပ်ဘူး"ဟု ရေနံချောင်းမြို့ ရွာသစ်ရပ်ကွက်မှ ဒေါ်မာမြင့်က ပြောကြားသည်။

ရေနံချောင်းမြို့တွင်ကြက်သား၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်၊ ငရုတ်သီးခြောက်၊ ကြက်သွန်ဖြူများရောင်းသူတို့က လူမှုကွန်ရက်မှ ကြော်ငြာပေးခြင်းကြောင့် ဝယ်ယူစားသုံးသူများ အဆင်ပြေနေကြောင်း သိရသည်။

အိမ်အရောက်ရောင်းချရာတွင် ကြက်သားအကောင် တစ်ပိဿာ ကျပ် ၄၀၀၀၊ ကြက်သားအဖီ တစ်ပိဿာ ကျပ်၅၀၀၀၊ ခရမ်းချဉ် တစ်ပိဿာ ကျပ် ၈၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ တူးချောင်းကျေးရွာသို့ သောက်သုံးရေများသွားရောက်လှူဒါန်း

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလိုအပ်လျက်ရှိသည့် တူးချောင်းကျေးရွာအုပ်စု တူးချောင်းကျေးရွာသို့ ဧပြီ ၁၇ ရက် နံနက်ပိုင်းက သွားရောက်ကာ ကျေးရွာနေပြည်သူများအား သောက်သုံးရေများကို သွားရောက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

"နွေရာသီ သောက်သုံးရေအခက်အခဲဖြစ်နေတဲ့ တူးချောင်းကျေးရွာအတွက် ရေဂါလန် ၁၆၀၀ကို ဒီနေ့ နံနက်ပိုင်းက သွားလှူပေးတယ်။ ညနေပိုင်းမှာလည်း ရေဂါလန် ၁၆၀၀ ကို ထပ်လှူပေးထားတယ်။ နောက်ပြီး သောက်သုံးရေလိုအပ်နေတဲ့ ကျေးရွာတွေရှိမယ်ဆိုရင်လည်း ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနကို လာရောက်ပြီး အကူအညီတောင်းခံနိုင်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင်က ပြောကြားသည်။

သောက်သုံးရေများ လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင် ဦးဆောင်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးနိုင်ဦး၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအုန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား သောက်သုံးရေအခက်အခဲများ အဆင်ပြေစေရေးအတွက် မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

တူးချောင်းကျေးရွာတွင် ကျေးရွာနေ ပြည်သူ ၃၀၀၀ ကျော်တို့ နေထိုင်လျက်ရှိပြီး ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများမှာ အဓိကလိုအပ်နေကြောင်း ကျေးရွာအတွင်း သောက်သုံးရေလိုအပ်နေမှု အခြေအနေများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသူရိန်မျိုးက ရှင်းပြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ကျိုင်းတုံမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးထောက်ပံ့ပစ္စည်းများ၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ မေ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီနှင့် ကမ္ဘောဇဘဏ်တို့ပူးပေါင်း၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မေ ၁၈ ရက် နံနက် ၈ နာရီခွဲက ကျန်းမာရေးထောက်ပံ့ပစ္စည်းများ၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ဆန်အိတ် ၁၀၀၀ နှင့် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၆၀၊ နှာခေါင်းစည်း ၁၀၀၀၊ Examination Glove သေတ္တာ ၁၀၊ Antibody Test Kit(Colloidal Gold) ၁၅၀၊ Non–Contact thermometer ခြောက်ခု၊ Goggle ၁၈ခု၊ Long Glove အခု ၁၀၊ Bleaching Powder နှစ်ပုံး၊ အောက်စီ ဂျင်စက် တစ်လုံးတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ နှာခေါင်းစည်း ၇၅၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀၊ အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ အောက်စီဂျင်စက် တစ်လုံး ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ် ကုသရေးအတွက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ဆန်အိတ် ၁၀၄၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွက် ဆန်အိတ် ၁၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွက် ဆန်အိတ် ၃၀၀၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ၃၀၀၀၊ အခြားပြည်နယ် တိုင်းဒေသကြီးများအတွက် ဆန်အိတ် ၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၂၁၀၀၀ (သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ)နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**



# ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်

**ကျီခါး မေ ၁၈**

ချင်းပြည်နယ် လူမှုရေးဝန်ကြီးဦးပေါင်လွန်းမင့်ထန်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်နှင့်အတူ မေ ၁၆ ရက်မှ ၁၇ ရက်အထိ တွန်းဇံမြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့သွားရောက်ပြီး ကျေးလက်နေပြည်သူများ ကိုဗစ်–၁၉ရောဂါနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၆ ရက်က တွန်းဇံမြို့နယ် ဟိုင်ကျင်းကျေးရွာသို့လည်းကောင်း၊ မေ ၁၇ ရက်က တွန်းဇံမြို့နယ် တွီးမာန်ကျေးရွာသို့ လည်းကောင်း တာဝန်ရှိသူများနှင့်အတူရောက်ရှိခဲ့ပြီး အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်အတွင်း ကိုဗစ်–၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် လိုအပ်သောပစ္စည်းများ ရှာဖွေစုဆောင်းထားရှိမှုအခြေအနေများကို လည်းကောင်း၊ အဆိုပါရောဂါလက္ခဏာဆိုင်ရာ အသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်းအရာများကို လည်းကောင်း၊ ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ရှောင်ရန်အကြောင်းအရာများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိသူများနှင့်ပတ်သက်၍ စနစ်တကျဆောက်ရွက်ထားရှိရမည့် အကြောင်းအရာများကိုလည်းကောင်း အကျယ်တဝင့်အသိပေးရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဟိုင်ကျင်းကျေးရွာ ကျေးလက်ကျန်းမာရေး



ဌာနအတွက် လိုအပ်သောကျန်းမာရေးလုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆလိုင်းလိန်းမာန်( ပြန်/ဆက်)**



# သန်လျင်မြို့မဈေး၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် မြန်မာနှစ်ဆန်း ၂ ရက်၌ ပြန်လည်ဖွင့်လှစ်သော သန်လျင်မြို့မဈေးကြီးအား ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဈေးရောင်း ဈေးဝယ် ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ပိုးသတ်ဆေးဖျန်းပေးခြင်း၊ အသိပညာပေးခြင်းအား နံနက် ၇ နာရီက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဈေးရောင်း ဈေးဝယ်လာပြည်သူများအား နှာခေါင်းစည်းတပ် လက်ဆေးပြီးမှသာ ဈေး အတွင်းဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

"သန်လျင်မြို့မဈေးကြီးကို သင်္ကြန်ကာလမှာ ပိတ်ထားပြီး နှစ်ဆန်း ၂ ရက် နံနက်မှာ ပြန်လည်ဖွင့်ပေးပါတယ်။ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ ဝေငှပေးတာ၊ လက်များနဲ့ ခန္ဓာကိုယ်အဝတ်အစားတွေကို ပိုးသတ်ဆေးဖျန်းပေးတာ၊ မော်တော်ယာဉ်နဲ့ လှည့်လည်အသိပညာပေးတာတွေကို ဌာနဆိုင်ရာ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပါတယ်။ ဒီရောဂါကြီးက တစ်ဦးတစ်ယောက်ကအစ အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်မှသာ ထိရောက်မှာဖြစ်ပါတယ်။ သန်လျင်မြို့သူ၊ မြို့သားတွေအနေနဲ့ ကျန်းမာရေးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေကို လိုက်နာပြီး ပူးပေါင်းပါဝင်ပေးစေလိုပါတယ်"ဟု သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က ပြောကြားသည်။

အဆိုပါလုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ကာ သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့မဈေးကြီး အတွင်းသို့ ဝင်ရောက်ကြမည့် ပြည်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဝေငှပြီး ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေး မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်**
**(သန်လျင်)**



# လက်ပံတန်းမြို့နယ်အတွင်း အိမ်ထောင်စုများအတွက် စားသောက်ကုန် (၅)မျိုး ဖြန့်ဝေမှုပြီးစီး

**လက်ပံတန်း မေ ၁၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား မဟာသင်္ကြန်ပိတ်ရက်အတွင်း နိုင်ငံတော်မှထောက်ပံ့ကူညီသည့် စားသောက်ကုန် (၅) မျိုးကို လက်ပံတန်းမြို့နယ်တွင် မေ ၁၂ ရက်က စတင်ဖြန့်ဝေလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရပ်ကွက်/ကျေးရွာ ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေထောက်ပံ့ရာတွင် လက်ပံတန်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာ အုပ်စု ၅၃ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၆၀၃၉ စု အတွက် ဆန် ၅၃၄၆အိတ်၊ ဆီ ပိသာ ၈၀၂၀၊ ဆားပိသာ ၈၀၂၀၊ ပဲ ၁၆၀၃၉ ပိသာ၊ ကြက်သွန် ၁၆၀၃၉ ပိသာတို့ ဖြန့်ဝေထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင့်နန္ဒာဌေး**

# အမာမြို့၌ အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးအပ်

**အမာ မေ ၁၈**

ဖျာပုံခရိုင် အမာမြို့ မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်(၅)မျိုးကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ပါဝင်ကူညီဆောင်ရွက်ပေးသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

## အိမ်တိုင်ရာရောက်ထောက်ပံ့

ဘဝသစ်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၄၀၀၀ ကျော်ရှိပြီး အိမ်ထောင်စု ၁၈၄၂ စုအား မေ ၁၇ ရက်ကတည်းက သက်ဆိုင်ရာရာအိမ်မှူးများမှတစ်ဆင့် အခြေခံစားသောက်ကုန်(၅)မျိုးထောက်ပံ့ပေးအပ်ခဲ့သည်။ ကျန်ရှိနေသော ကျေးရွာများကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ကျေးရွာရာအိမ်မှူးနှင့် ပရဟိတလူငယ်များက အိမ်တိုင်ရာရောက်ထောက်ပံ့ပေးကြသည်။ အမာမြို့ မြို့မ(၁) ရပ်ကွက်မှ အိမ်ထောင်စု ၁၅၀ အား သုံးပေခြား စနစ်တကျနေရာသတ်မှတ်၍ အများရှေ့တွင် အခြေခံစားသောက်ကုန် (၅) မျိုးကို အုပ်ချုပ်ရေးမှူးမှ ထောက်ပံ့ပေးခဲ့သည်။ မြို့မ(၂)ရပ်ကွက်မှ အိမ်ထောင်စု ၉၀၊ မြို့မ(၃)ရပ်ကွက်မှအိမ်ထောင်စု ၆၀၊ မြို့မ(၄) ရပ်ကွက်မှ အိမ်ထောင်စု ၅၂ စုတို့ကို အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့သည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**

## ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်မည့်နေရာ ကြည့်ရှုစစ်ဆေး

**ဟားခါး ဧပြီ ၁၈**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များဖြစ်သည့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအား၊ ကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဧပြီ ၁၆ ရက် ညနေပိုင်းက ဟားခါး ကောလိပ်ရှိ ကန့်သတ်စောင့်ကြည့်ခြင်း ပြုလုပ်မည့်နေရာကို သွားရောက်ကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ကော်မတီဝင် ပြည်နယ် ဝန်ကြီးများနှင့်အဖွဲ့သည် ကန့်သတ်စောင့်ကြည့်ခြင်းပြုလုပ်မည့် ဟားခါး ကောလိပ်ရှိ ကနေဒီဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်မှု၊ ရေ မီး ရရှိမှုအခြေအနေ၊ အိပ်ရာ ခုတင်၊ စောင်၊ ခေါင်းအုံးများ ပြင်ဆင်ထားရှိမှု၊ ပိုးသတ်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ခိုရှိန်း (ပြန်/ဆက်)**

## တောင်သာမြို့ဝင်ဂိတ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တောင်သာ ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့၊ ညမပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့်အဖွဲ့ဝင်များက မြို့ဝင်ဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်သာ - မြင်းခြံလမ်း၊ တောင်သာ - နွားထိုးကြီးလမ်း၊ တောင်သာ - မိတ္ထီလာလမ်း၊ တောင်သာ-ကျောက်ပန်းတောင်းလမ်းတို့တွင် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ခရီးသွားပြည်သူများအား ၂၄ နာရီ အလှည့်ကျစောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

ခရီးသွားပြည်သူများအား အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုဆေးကြောစေခြင်း၊ နှာခေါင်းစည်းများတပ်ထားခြင်း ရှိ၊ မရှိကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



## ညောင်လေးပင်မြို့ ပျံကျဈေးအား ပြောင်းရွှေ့ဖွင့်လှစ်မည့် ဘုရားကြီးကွင်း၌ သတ်မှတ်နေရာများ ပြုလုပ်

**ညောင်လေးပင် ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် မြို့မဈေးအနောက်လမ်းနှင့် ဘူတာလမ်းတို့တွင် ရောင်းချနေသော ပျံကျဈေးအား ယာယီပြောင်းရွှေ့ဖွင့်လှစ်ရောင်းချမည့် ဘုရားကြီးကွင်း၌ ဧပြီ ၁၇ ရက် နံနက်ပိုင်းက သတ်မှတ်နေရာများပြုလုပ်လျက်ရှိသည်။

ထိုသတ်မှတ်နေရာသစ်တွင် ဧပြီ ၁၈ ရက်မှစ၍ နံနက် ၆ နာရီမှ ၉ နာရီခွဲအထိ ရောင်းချခွင့်ပြုမည်ဖြစ်ကာ ဈေးသည်များနှင့် ဈေးဝယ်သူအား နှာခေါင်းစည်းတပ်ဆင်၍ ဝယ်ယူရောင်းချရမည်ဖြစ်ကြောင်း၊ ဈေးသည်များအတွက် နှာခေါင်းစည်းများ စီစဉ်ချုပ်လုပ်ထားပြီးဖြစ်ကာ ဈေးဝယ်သူများအတွက်လည်း အလှူရှင်ရှိက လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်နေရာသစ်တွင် ထုံးစည်းများဖြင့် ကိုးပေကြားအကွက်များ လမ်းပုံစံချထားစီမံဆောင်ရွက်ပေးထားကြောင်း၊ မြို့နယ်အတွင်းရှိပြွန်တန်ဆာမြို့ပျံကျဈေးအား ကွက်သစ်ဘောလုံးကွင်းတွင်လည်းကောင်း၊ မဒေါက်မြို့ပျံကျဈေးအား ဘော်လီဘောကွင်းတွင်လည်းကောင်း၊ ပိန်းဇလုပ်မြို့ပျံကျဈေးအား ယင်းဈေးထဲ၌လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်၏ ပြောကြားချက်အရ သိရသည်။

ဈေးရောင်းသူနှင့် ဈေးဝယ်သူများ စနစ်တကျဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့မရဲစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

## ဂန့်ဂေါမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်

**ဂန့်ဂေါ ဧပြီ ၁၈**

ဂန့်ဂေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်သို့ လာရောက်သူများ တစ်ဦးနှင့်တစ်ဦး သုံးပေခြား အကွာအဝေး၌ နေရာယူနိုင်ရေး သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း နေရာသတ်မှတ် စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် နှာခေါင်းစည်းတပ်၍ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ “အငြိမ်းစားဝန်ထမ်းတွေ လစာစတင်ထုတ်မယ့် ဧပြီ ၂၁ ရက်အမီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရုံးတွင်း၊ ရုံးပြင် တစ်ပြိုင်နက်တည်း စုစုပေါင်း ၄၅ ဦး နေရာယူနိုင်အောင် စီစဉ်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်။ လက်ကို ဆပ်ပြာနဲ့ စနစ်တကျဆေးကြောနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး ကိုဗစ်- ၁၉ ရောဂါအကြောင်း အလွယ်တကူသိရှိနိုင်အောင် အသိပညာပေးစာတမ်းတွေကိုလည်း အများမြင်သာတဲ့နေရာတွေမှာ ချိတ်ဆွဲထားပါတယ်” ဟု ဘဏ်မန်နေဂျာ ဒေါ်စုစုမော်က ပြောသည်။

အဆိုပါ လုပ်ငန်းများအတွက် ဂန့်ဂေါမြို့၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် မာဃသဟာယအဖွဲ့က လုပ်ငန်းလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

## ငွေတောင်ဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေး

**ဒီးမော့ဆို ဧပြီ ၁၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာတွင် အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ငွေတောင်ဈေးသို့ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော ထုတ်ပြန်ချက်များအား ပြည်သူလူထုများအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ဈေးသို့ လာရောက်ကြသော ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များအား အသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ် (ဒီးမော့ဆို)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်များ၊ အများပြည်သူလူစည်ကားသော နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါဆောင်ရွက်မှုကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပရဟိတအဖွဲ့အစည်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထူးထက်(ပြန်/ဆက်)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို သုံးခွမြို့ အမှတ် (၉) ရပ်ကွက်ရှိ လူမှုကယ်ဆယ်ရေးအသင်းမှ ဦးဟိန်းဇော်ဦးဆောင်သော အဖွဲ့သည် ဧပြီ ၁၇ ရက် နံနက် ၉ နာရီမှစ၍ ညပိုင်းအထိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးအတွက် ပျဉ်းမကန်ကျေးရွာ၊ ကံမြင့်ကျေးရွာ၊ သုံးခွမြို့မဈေး၊ ဆေးရုံရှေ့၊ ရဲစခန်းဝင်း၊ မြို့ပတ်လမ်း၊ (၂ )ရပ်ကွက် သဇင်လမ်း၊ ကရင်စု၊ ဦးဘကန်ပတ်လမ်း၊ အနောက်ဘက်ကမ်း မြို့အဝင်မှစ၍ အမှတ်-၉ ရပ်ကွက် မြို့အထွက်ထိ အောင်ဇေယျလမ်းမကြီးတစ်လျှောက်တို့တွင် ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## အပူချိန်တိုင်း သာမိုမီတာနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် ဧပြီ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရန်ကုန်မြို့ ဒေါပုံမြို့နယ်နှင့် လှိုင်မြို့နယ် စည်ပင်သာယာသန့်ရှင်းရေးဝန်ထမ်းများအတွက် အပူချိန်တိုင်း သာမိုမီတာ တစ်ခုစီနှင့် နှာခေါင်းစည်း ၁၀၀ ကို ဧပြီ ၁၅ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က တာဝန်ခံ ကိုတင်အောင်ခိုင်နှင့် ကိုမျိုးဝင်းဦးတို့ထံ သွားရောက်လှူဒါန်းခဲ့ပြီး ကမာရွတ်မြို့နယ် စည်ပင်သာယာ သန့်ရှင်းရေးဝန်ထမ်းများအတွက် နှာခေါင်းစည်း ၁၀၀ ကို ဧပြီ ၁၆ ရက်က တာဝန်ခံ ကိုစောလှမင်းထံ လှူဒါန်းခဲ့သည်။

ထို့နောက် ရန်ကုန်မြို့တော် သန့်ရှင်းရေးဝန်ထမ်းများနှင့် ပန်းဥယျာဉ်ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်အိတ်များ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# ကာမိုင်းမြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသပေး



**ကာမိုင်း ဧပြီ ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဒေသခံပြည်သူများအား နယ်မြေခံ ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခြင်းကို မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် ဆေးကုသဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆေးကုသမှုဆောင်ရွက်ပေးရာတွင် ဆီးချိုရောဂါ၊ သွေးတိုး၊ ရေယုန်၊ ဆီးလမ်းကြောင်းပိုးဝင်နှင့် အထွေထွေစသည့် ရောဂါများကို ကာမိုင်းမြို့နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာများ ဟောပြောခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လက်ကမ်းစာစောင်များနှင့် တစ်ခါသုံး နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပြီး ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**အခမဲ့ဆေးကုသပေး**

ထို့နောက် ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆိုပါအဖွဲ့ဝင် လေးဦးက စမ်းသပ်စစ်ဆေးကုသပေးခဲ့သည့်လူနာများ၌ ဆီးချို ငါးဦး၊ သွေးတိုး ကိုးဦး၊ ရေယုန် တစ်ဦး၊ ဆီးလမ်းကြောင်းပိုးဝင် တစ်ဦးနှင့် အထွေထွေရောဂါ ၁၀ ဦး စုစုပေါင်းလူနာ ၂၆ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်**

**(ပြန်/ဆက်)**

# လူစည်ကားသောလမ်းဆုံများနှင့် ဈေးများတွင် နှာခေါင်းစည်းများဝေငှ၊ ကျန်းမာရေးအသိပညာပေး

**မန္တလေး ဧပြီ ၁၈**

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် လူစည်ကားသောလမ်းဆုံနေရာများဖြစ်သည့် ၄၁ လမ်း နှင့် ၆၉ လမ်းထောင့်၊ ၄၁လမ်းနှင့် သင်္ဘောတံတားထိပ်၊ သံလျက်မော်အနောက်ရပ်ကွက် စိန်ပန်းလမ်းမကြီးနှင့် ကမ်းနားလမ်းဆုံနေရာများတွင် မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်အောင်၊ စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်နှင့် မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ မဟာအောင်မြေမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းကာ နှာခေါင်းစည်းများဝေငှပြီး ကျန်းမာရေးအသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မန္တလေးဒုတိယမြို့တော်ဝန် ဦးရဲမွန်ဦးဆောင်သော အမရပူရမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် စစ်ကိုင်း-မန္တလေးလမ်းပေါ် သွားလာနေသော ဆိုင်ကယ်စီးသူများ၊ လမ်းဘေးဈေးဆိုင်များအား နှာခေါင်းစည်းများ ဝေငှပေးခဲ့ကြသည်။

**မောင်ပြည်သူ**

**(မန္တလေး)**



# ရေရှားပါးသည့် ဒေသနေပြည်သူများအား သောက်သုံးရေများ လှူဒါန်းပေး

**မကွေး ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်း အပူချိန်မြင့်မားမှုနှင့်အတူ သောက်သုံးရေကန်များ၌ ရေခမ်းခြောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ရေရှားပါးသည့် ပြည်သူများအတွက် ရေလှူဒါန်းမှုများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ဒေသခံတွေရဲ့ တောင်းဆိုမှုအရ သူတို့ဒေသမှာ ရေရှားပါးပြတ်လပ်နေတယ်ဆိုရင် သွားလှူပေးပါတယ်။ ခရိုင်ရုံးစိုက်တဲ့နေရာတွေမှာလည်း တောင်းဆိုမှုတွေရှိလို့ သွားလှူပေးနေတာတွေရှိပါတယ်" ဟု မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

သောက်သုံးရေလှူဒါန်းမှု အကြိမ်ပေါင်း ၄၅ ကြိမ်၊ လူဦးရေ ၂၅၁၀၄ ဦး၊ အိမ်ထောင်စု ၅၂၇၅ စု၊ ရေဂါလန် ၉၆၆၀၀၀၊ ကုန်ကျငွေကျပ် ၅၈၁၀၀၀၀ လှူထားပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

အကူအညီလိုအပ်ပါက တိုင်းဒေသကြီး ဦးစီးမှူး ဖုန်း ၀၉-၅၆၈၀၄၆၅ ဖြစ်ပြီး သောက်သုံးရေလိုအပ်ချက်ရှိသည့် ဒေသများအနေဖြင့် တိုက်ရိုက်ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# သာစည်မြို့နယ် ဘုရားငါးဆူကုန်ထုတ်စခန်းမှ အကျဉ်းသား ၂၆၅ ဦး လွှတ်မြောက်

**သာစည် ဧပြီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဘုရားငါးဆူကုန်ထုတ်စခန်းမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သော အကျဉ်းသား ၂၆၅ ဦးကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဘူတာရုံများနှင့်သက်ဆိုင်ရာ မြို့နယ်များသို့ မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် ဘုရားငါးဆူကုန်ထုတ်စခန်းတာဝန်ခံဦးစီးအရာရှိ ဦးအေးကြိုင်တို့က ဆုံးမဩဝါဒစကားများပြောကြားခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် နေရပ်ပြန်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရာများသို့ တာဝန်ရှိသူများက ကြီးကြပ်ကာ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# သာယာဝတီဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၀၀ လွှတ်မြောက်

**သာယာဝတီ ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီဗဟိုအကျဉ်းထောင်မှ ဧပြီ ၁၇ ရက် နံနက်ပိုင်းက အကျဉ်းသား ၆၁၄ ဦး၊ အကျဉ်းသူ ၈၆ ဦး စုစုပေါင်း ၇၀၀ လွတ်ငြိမ်းခွင့်ရရှိခဲ့သဖြင့် အဆိုပါ အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းခွင့်လက်မှတ်ပေးအပ်ပြီး နေရပ်ပြန်နိုင်ရေးအတွက် ကိုယ်အပူချိန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို တပ်မတော်ဆေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ နေရပ်ပြန်နိုင်ရေးအတွက် သာယာဝတီဗဟိုအကျဉ်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မီးရထားဂိတ်များ၊ မော်တော်ယာဉ်ဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းသား ၃၅၈ ဦး လွှတ်မြောက်

**မိုးညှင်း ဧပြီ ၁၈**

ကချင်ပြည်နယ် မိုးညှင်းဗဟိုအကျဉ်းထောင်တွင် ဧပြီ ၁၇ ရက် နံနက် ၉နာရီ မိနစ်၂၀ က အကျဉ်းသား ၃၅၈ ဦးတို့ကို လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားများကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပြီး မိုးညှင်းဘူတာရုံသို့ အသီးသီးပို့ဆောင်ပေးခဲ့ကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားအကျဉ်းထောင်မှ ၁၀၁၅ဦး၊ ဗန်းမော်အကျဉ်းထောင်မှ ၃၂၆ဦး၊ ပူတာအိုအကျဉ်းထောင်မှ ၆၇ဦး၊ မလိခပိတောင်စခန်းမှ ၁၁၆ ဦးနှင့် ဒွန်ဘမ်စခန်းမှ ၈၄ ဦး စုစုပေါင်း ၁၉၆၆ ဦးတို့ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**နီတိုး**

# သီပေါအကျဉ်းထောင်မှ အကျဉ်းသား ၂၉၇ ဦး လွှတ်မြောက်

**သီပေါ ဧပြီ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် လွတ်ငြိမ်းခွင့်ရ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါအကျဉ်းထောင်မှ အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပြီး ဧပြီ ၁၇ ရက် နေ့လယ်ပိုင်းက လွှတ်ပေးခဲ့သည်။

သီပေါအကျဉ်းထောင်မှ လွှတ်ပေးလိုက်သော အကျဉ်းသားများမှာ မန္တလေး၊ ကျောက်မဲ၊ နောင်ပိန်၊ လားရှိုးတို့မှဖြစ်ကြပြီး ၎င်းတို့အား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသား ၁၀၀၀ ကျော် လွှတ်မြောက်

**မြစ်ကြီးနား ဧပြီ ၁၈**

မြန်မာနှစ်သစ်ကူးအခါသမယ၌ နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းခွင့်ဖြင့် မြစ်ကြီးနားအကျဉ်းထောင်မှ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် အကျဉ်းသား ၁၀၁၅ ဦး လွတ်မြောက်ခဲ့သည်။

လွတ်မြောက်လာသော အကျဉ်းသား ၁၀၁၅ ဦးတွင် နိုင်ငံခြားသားနှစ်ဦးအပါအဝင် ကချင်ပြည်နယ်အတွင်းက ၉၆၁ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှဖြစ်ကြသည်။

အဆိုပါ အကျဉ်းသားများအား မြစ်ကြီးနားအကျဉ်းထောင်ဝင်းအတွင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်ဆေးကုသရေးအဖွဲ့တို့မှ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးခဲ့ကြပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွတ်ငြိမ်းခွင့်ရရှိသူများအား မီးရထားဖြင့် ၎င်းတို့နေရပ်အရောက် ချိတ်ဆက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမြင့်စိုး**

**(ပြန်/ဆက်)**

# ပဲခူးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၀ လွတ်ငြိမ်းခွင့်ရ

**ပဲခူး ဧပြီ ၁၈**

ပဲခူးမြို့အကျဉ်းထောင်၌ ဧပြီ ၁၇ ရက်နေ့ မွန်းတည့် ၁၂ နာရီက အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၆၀ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား အကျဉ်းသူများအား ပဲခူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းငွေဦးဆောင်သော ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးပြီး ပဲခူးအကျဉ်းထောင်မှ ထောင်မှူးကြီး ဦးချစ်ကိုနှင့် ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးအောင်ငွေးတို့က မိမိတို့နေထိုင်ရာ ရပ်ကွက်ကျေးရွာအတွင်း၌ တည်ငြိမ်အေးချမ်းစွာနေထိုင်ပြီး အများအကျိုးကို ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးမလမ်းညွှန်စကားများ ပြောကြားပြီး ကျန်းမာရေးပစ္စည်းများနှင့် ခရီးစရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်**

**(ပဲခူး)**

# ဖယ်ခုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ဖယ်ခုံ မေ ၁၈**

ကယားပြည်နယ် ဖယ်ခုံမြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအဖြစ် မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ယနေ့နံနက် ၉ နာရီမှ စတင်၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မီးသတ်ရုံးမှာပဲ စုရပ်အဖြစ် ရဲတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တာပါ။ ဒီရွှေကျောင်းပြီးသွားရင် မြို့ပေါ်မှာရှိတဲ့ မြို့ကုန်းကျောင်း၊ ညောင်ပင်သာကျောင်း၊ ဇေယျာရုံသီကျောင်း၊ မြို့မကျောင်း၊ မြို့ဦးကျောင်း၊ ဓမ္မသိဒ္ဓိကျောင်းနဲ့ နတ်တောကျောင်းတွေကို ဆက်လက်ပြီးတော့ ဆေးဖျန်းသွားမှာပါ"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ထွန်းဦးက ပြောကြားသည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်နှင့်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်ခြောက်ဦး စုစုပေါင်း ၂၀ ဖြင့် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မေ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်)နေ့ မွန်းလွဲ ၃ နာရီမှစတင်၍ မီးသတ်၊ ရဲ၊ စည်ပင်၊ ကြက်ခြေနီနှင့် လွိုင်ကော်မြို့ ဖေးကူလက်များပရဟိတအသင်း၊ ဖယ်ခုံမြို့ ဆာမာရီတန်ပရဟိတအသင်းတို့ပူးပေါင်း၍ ဌာနဆိုင်ရာရုံးများ၊ မြို့မဈေး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ စောင့်ကြည့်ရေးစခန်းတို့တွင် ဆေးဖျန်းခြင်းဆောင်ရွက်ပြီး ညနေ ၅ နာရီခွဲတွင် ပြန်လည်စုစည်း၍ မီးသတ်ကားဖြင့် မြို့ဝင်ဂိတ်မှ မြို့ထွက် ကွမ်လုံကျေးရွာအထိ စုစုပေါင်းဆေးရေဂါလန် ၃၂၀၀ ခန့်ဖျန်းပေးကြောင်း ဦးဇော်ထွန်းဦးက ဆက်လက်ပြောကြားသည်။

**ကိုထွေး(ဖယ်ခုံ)**



# ဆားလင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်



**ဆားလင်းကြီး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ယနေ့နံနက်ပိုင်းတွင် ဖောင်းကတာကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာများရှိဈေးများ၊ ညောင်ပင်ကြီး-ဆားလင်းကြီး-ယင်းမာပင်လမ်းဆုံ၊ ညောင်ပင်ကြီးကျေးရွာ စစ်ဆေးရေးဂိတ်နှင့် မြို့ဝင်စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများဝေငှခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### အသိပညာပေး

ဆားလင်းကြီးမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့်တာဝန်ရှိသူများသည် ဖောင်းကတာကျေးရွာနှင့် ညောင်ပင်ကြီးကျေးရွာများရှိဈေးများတွင် ဈေးရောင်းသူ၊ ဝယ်သူများအား ဈေးအတွင်းဝယ်ယူရောင်းချရာတွင် နှာခေါင်းစည်းများ၊ လက်အိတ်များတပ်ဆင်ပြီးမှသာ ဝယ်ယူရောင်းချကြရန်၊ ဈေးရောင်းချရာတွင် တစ်ဦးနှင့်တစ်ဦးခြောက်ပေအကွာ ဈေးရောင်းချရန်၊ ဈေးရောင်းသူ၊ ဝယ်သူများအနေဖြင့် မိမိတို့၏ မိသားစုဝင်များအား တစ်နေ့လျှင် အနည်းဆုံး သုံးကြိမ်ခန့် ဆားပြုတ်ရည်ဖြင့် အာလုတ်ကျင်းခြင်း၊ အာလုတ်ကျင်းပြီးပါက ရေနွေးသောက်ခြင်းတို့ ဆောင်ရွက်ကြရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

### ဆောင်ရွက်

ထို့နောက် ညောင်ပင်ကြီးကျေးရွာ စစ်ဆေးရေးဂိတ်၊ ညောင်ပင်ကြီး-ဆားလင်းကြီး-ယင်းမာပင်လမ်းဆုံ၊ မြို့ဝင်စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအားအပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်စေခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**

# ညောင်ရွှေမြို့နယ်တွင် အသွားအလာကန့်သတ်ခြင်း ခံရသူများ သတ်မှတ်ရက်ပြည့်၍ ပြန်လည်စေလွှတ်

**ညောင်ရွှေ မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာ အမှတ်စဉ်(၈၊ ၁၁၊ ၁၂၊ ၁၃) တို့နှင့် ဆက်စပ်ထိတွေ့ခဲ့သူများကို အသွားအလာကန့်သတ်ခြင်း သတ်မှတ်ရက်ပြည့်ပြီးဖြစ်သည့်အတွက် မေ ၁၈ ရက်တွင် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပြီး ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အသွားအလာကန့်သတ်သည့်နေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရောဂါလက္ခဏာပေါ်ပေါက်ခြင်း ရှိ၊ မရှိ မတ် ၂၈ ရက်မှ ယနေ့အထိ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခဲ့ရာ အဆိုပါအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သူ ၁၇၆ ဦးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ ပိုမိုစိတ်ချစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို မှာကြားထားကြောင်း၊ ထို့ပြင် ဆေးရုံ၌ကန့်သတ်စောင့်ကြည့် ဆောင်ရွက်ထားရှိသည့် ၁၂ ဦးကိုလည်း ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပြီး ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ငါးသိုင်းချောင်းမြို့ ပြည်သူများအဆင်ပြေစေရေး ငါးသိုင်းချောင်းအားကစားကွင်းတွင် ယာယီဈေးဖွင့်လှစ်

**ငါးသိုင်းချောင်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်၊ မြို့အဆင့်လုပ်ငန်းကော်မတီက ပြည်သူများအဆင်ပြေစေရေးအတွက် ငါးသိုင်းချောင်းမြို့ မြို့မဈေးကြီးမှ အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်ဆိုင်များ၊ ကွမ်းနှင့်ကွမ်းယာပစ္စည်းဆိုင်များ၊ ဘုရားပန်းများနှင့်ငါးသိုင်းချောင်းတာကြီးပေါ်မှအခြားဆိုင်များကို ယနေ့နံနက်ပိုင်းက အားကစားကွင်းကြီးတွင် ယာယီဈေးအဖြစ် စတင်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ယာယီဈေးကို ငါးသိုင်းချောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေး၊ ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွှန့်နှင့် အာယုပါလပရဟိတအဖွဲ့တို့က ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေပတ်လည်နှင့် အရောင်းဆိုင်ခန်း တစ်ခန်းနှင့်တစ်ခန်း ခြောက်ပေ ပတ်လည်ထားရှိကာ ဈေးဝယ်သူများအတွက် သတ်မှတ်နေရာချပေးခြင်းနှင့် သတ်မှတ်နေရာချထားပေးကာ နေ့စဉ်နံနက် ၅ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဈေးရောင်း၊ ဈေးဝယ်သူများအနေဖြင့် ယာယီဈေးအတွင်းမဝင်ရောက်မီ လက်ဆေးဘေစင်များ စီစဉ်ပေးထားပြီး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုမှသာ ဈေးအတွင်း ဝင်ရောက်ခွင့်ပြုကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွှန့်က ပြောသည်။



အရောင်းအဝယ် အဆင်ပြေစေရန်နှင့် အန္တရာယ်ကင်းစေရန် သုံး၊ လေးရက်ခန့်ကြိုတင်ပြီး စနစ်တကျဆောင်ရွက်ထားကြောင်း၊ ယခုလိုဈေးရောင်းဈေးဝယ်များ အဆင်ပြေစေရေး အကျိုးဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဦးဟာတင်က ပြောပြသည်။

**ဆန်းတင့်(ရေကြည်)**

## ပြည်ပပြန်များနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသောနိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



# ညောင်ဦးမြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၌ ပိုးသတ်ဆေးဖျန်း

ညောင်ဦး ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၁၈ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကောင်းထက်နိုင်ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ညောင်ဦးမြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ရဟန်း၊ သံဃာများနှင့် ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပေးရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကောင်းထက်နိုင်နှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ဝင်း ဦးဆောင်သော ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းရှိ လူဝင်လူထွက်များသည့် ဝင်ပေါက်၊ ထွက်ပေါက်များ၊ ကျောင်းအတွင်းရှိ ကြမ်းပြင်နှင့် စားပွဲများ၊ ကုလားထိုင်များ၊ ရိပ်သာဆောင်များ၊ ဆွမ်းစားဆောင်နှင့် ဥပုသ်သည်နားနေဆောင်များ၊ ဧည့်သည်နားနေဆောင်များ၊ ကျောင်းအဝင်လမ်းနှင့် ကျောင်းခြံဝင်းတံခါးများမကျန် နေရာအနှံ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးများ စုပေါင်းဖျန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ချမ်းမြသီတာကျေးရွာ၌ ခြင်းရက်လုပ်ငန်းဖြင့် မိသားစုဝင်ငွေ တိုးပွားလျက်ရှိ

ဝန်းသို ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ချမ်းမြသီတာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ခြင်းရက်လုပ်ခြင်းလုပ်ငန်းဖြင့် မိသားစုဝင်ငွေ တိုးပွားလျက်ရှိကြောင်း သိရသည်။

ခြင်းရက်ခြင်းလုပ်ငန်းမှာ တင်းဝါးကို အသုံးပြုရက်လုပ်ရပါကြောင်း၊ တင်းဝါးမှာ မိမိတို့ဒေသထွက် သဘာဝသယံဇာတတစ်ခုဖြစ်၍ ဝယ်ယူရန် မလိုအပ်ပါကြောင်း၊ သယ်ယူပို့ဆောင်ခအတွက်သာ ငွေကြေးကုန်ကျပါကြောင်း၊ ၎င်းတင်းဝါးကို နီးဖြာရက်လုပ်၍လည်း ရပါကြောင်း၊ ကျန်ရှိသောသင်းကြောကို နီးရအောင် ဆောင်ရွက်ရပါကြောင်း၊ ၎င်းသင်းကြောနီးကို အသုံးပြုပြီး ပုံစံတကျပြုလုပ်ကာ ခြင်းရက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါကြောင်း၊ တင်းဝါးသုံးလုံးကို ခြင်းလေးလုံးရပါကြောင်း၊ ခြင်းနှစ်လုံးပါတစ်ထမ်းလျှင် ယခုဖောက်သည်ဈေး ငွေကျပ် ၁၄၀၀ ရရှိပါကြောင်း၊ တစ်နေ့လျှင် ခြင်းအလုံး ၂၀ ပြီးစီးအောင် ရက်လုပ်နိုင်သည့်အတွက် တစ်ရက်ဝင်ငွေ ကျပ် ၁၄၀၀၀ ရရှိသဖြင့် အဆင်ပြေလျက်ရှိပါကြောင်း ခြင်းရက်လုပ်သူ ဒေါ်ဝင်းကြည်က ပြောသည်။

ချမ်းမြသီတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ တောင်သူ ၆၂ ဦးအတွက် ငွေကျပ် သိန်း ၃၄၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ တောင်သူ ၂၃ ဦးအတွက် ငွေကျပ် ၁၁၁ သိန်း၊ အသေးစားရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းဝင် ၈၆ ဦးအတွက် ငွေကျပ် ၄၅၆ သိန်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း - မွေးကြူဇင်

ဓာတ်ပုံ - ဘီဘို





# ကသာမြို့ ပြည်သူ့အားကစားကွင်းနှင့် ပတ္တမြားရပ်ကွက်ရှိ အားကစားကွင်း၌ ယာယီပျံကျဈေး ဖွင့်မည်

ကသာ ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ပေါ်ရှိ မြို့မဈေးကြီး၊ သီရိခေမာဈေး၊ ဘူတာပျံကျဈေးနှင့် ပတ္တမြားဈေးများကို ဧပြီ ၂၀ ရက်မှ ဧပြီလကုန်အထိ ယာယီပိတ်သွားမည်ဖြစ်ပြီး အဆိုပါဈေးများပိတ်ချိန်တွင် ကသာမြို့ရှိ ပြည်သူ့အားကစားကွင်းနှင့် ပတ္တမြားရပ်ကွက်ရှိ အားကစားကွင်းတို့၌ ယာယီပျံကျဈေးအဖြစ် အစားထိုး ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

"အခုလက်ရှိ ဖွင့်လှစ်နေတဲ့ ဈေးတွေမှာ ဈေးရောင်းသူ၊ ဈေးဝယ်သူတွေနဲ့ လူစည်ကားနေတဲ့အတွက် ဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ဖို့၊ လူစုလူဝေးမရှိစေဖို့၊ ဈေးရောင်း ဈေးဝယ်ပြည်သူတွေ လွယ်ကူစွာ ဝယ်ယူရောင်းချနိုင်ဖို့ ယာယီပျံကျဈေးကို ဖွင့်လှစ်ရခြင်းဖြစ်တယ်။ ယာယီဈေးကို မနက် ၆ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ပေးသွားမယ်။ ဈေးသိမ်းချိန်မှာ သန့်ရှင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမယ်။ ပြီးတော့ မီတာ ၂၀၀ အားကစားကွင်းမှာ ဈေးရောင်းရမယ့်နေရာ ခြောက်ပေအကွာ အကွက်ပေါင်း ၃၈၄ ကွက် သတ်မှတ်ပေးထားပြီး ဈေးဖွင့်ချိန်မှာ သန့်ရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွေကို အထူးကြပ်မတ်ဆောင်ရွက်သွားမယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးသန့်ဇော် (မြို့နယ်အမှုဆောင်အရာရှိ)က ပြောသည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အဆိုပါယာယီဈေးဖွင့်လှစ်မည့်နေရာများတွင် ဈေးရောင်းသူများနှင့် ဈေးဝယ်သူများ စနစ်တကျ ဝယ်ယူရောင်းချနိုင်ရန် ဈေးသည်များအတွက် နေရာသတ်မှတ်ပေးခြင်း၊ ဈေးအတွင်း လူသွားလမ်းသတ်မှတ်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးများ ထားရှိခြင်း၊ အားကစားကွင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဧပြီ ၁၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲအောင်(ကသာ)

# ဘုရားတောင်ကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ အရှည် ပေ ၄၀ ရှိ တံတားတစ်စင်း ဆောင်ရွက်ပြီးစီး

ဝန်းသို ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဘုရားတောင်ကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ အရှည် ပေ ၄၀ ရှိ တံတားတစ်စင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တံတားအမျိုးအစားမှာ ကျောက်ရိုးစီ၊ သံပေါင်တင်၊ သစ်သားတံတားဖြစ်ပြီး အလျား ပေ ၄၀၊ အနံ ၁၆ ပေ၊ အမြင့် ရှစ်ပေရှိကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ငါးသိန်းကျော်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတား ဆောင်ရွက်ပြီးစီးသဖြင့် ယင်းတံတားကို အသုံးပြုကြမည့် တောင်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မွေးကြူဇင်၊ ဓာတ်ပုံ - ဘီဘို












## (၅၀)နှစ်မြောက်ရွှေရတုမင်္ဂလာ

ပြည်မြို့၊ လမ်းမတော်လမ်းနေ
ဦးအောင်သိန်း-ဒေါ်သန်း တို့၏သား
**မောင်အေးထွန်း [B.A(Eco)၊ ဌာနခွဲ မန်နေဂျာ၊**
**မြောင်းမြမြို့နယ်ကုန်သွယ်ရေး]** နှင့်
ရန်ကုန်မြို့၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲနေ
ဦးရန်ဝင်ဆန်း-ဒေါ်ကျန်ဖုံရှု တို့၏သမီး
**မခင်မျိုးနွယ်(Cissie) [B.Com၊ ဌာနခွဲမန်နေဂျာ၊**
**ရွှေတောင်မြို့နယ်ကုန်သွယ်ရေး]**

တို့သည် ၁၃၃၂ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် ၊ ၁၉-၄-၁၉၇၀ရက် (တနင်္ဂနွေနေ့)၌ ရန်ကုန်မြို့ "စထရင်းဟိုတယ်" တွင် ဖေယျကျော်ထင် ဗိုလ်မှူးဗကို M.A (Yale) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ လက်ထပ်ထိမ်းမြားခဲ့ပါကြောင်း။

## ရောင်း(သို့) Condo နဲ့လဲမည်

- သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း VIP ရပ်ကွက်အနီး (ဂုတ်ခြံ) မျက်နှာစာ ပေ(၇၀x၅၃)၊ လေးပင်ပျဉ်ထောင်အိမ် ရေ+မီးစုံ၊ အုတ်တံတိုင်းခတ်ပြီး။
- သဃ်္ဃန်းကျွန်း၊ လွတ်လပ်ရေးလမ်းမ (၄)လွှာ၊ ပေ(၂၀x၄၇) ခန့်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၃၆၁၆၆၊ ၀၉-၅၁၆၉၅၀၅

**DKY ပုဂ္ဂလိက ဘိုးဘွား**
**ပြုစုရေးစင်တာမှ နွေးထွေးစွာ ကြိုဆိုနေပါတယ်။**
**ဖုန်း-၀၉-၇၇၁၂၀၄၇၀၄**

**သွေးသည် အသက်**

**တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏**




## "မေတ္တာရပ်ခံ ပန်ကြားလွှာ"

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၅)၊ မြန်မာမွတ်စလင်မ်အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲ အုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေး(၆၅)ဦးရှိပါသည်။ ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့ (ယသင်မ်)မိန်းကလေး(၆၅)ဦးအား အစိုးရ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အတန်းပညာရပ်များကို သင်ယူစေမည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်ချက်ရှိနေပါကြောင်းနှင့် ယခု ရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖိတရာ၊ လိလ္လာ) စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာ (ယာယီ)**
**ကြီးကြပ်ရေးကော်မတီ**
ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၆၅၁၆၄၉၈၀

## တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ "ကျွဲကူးရေပါ" ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်(CRPD)နှင့် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR)တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ "ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့"သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊
(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊
(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊
(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲပေးပို့ရန်။

မှတ်ချက်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအားခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**ရုံးခွဲများဖွင့်လှစ်ထားရှိခြင်း**

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါမြို့ များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည်-

(က) **နေပြည်တော်ရုံးခွဲ။** သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင် ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
(ခ) **မန္တလေးရုံးခွဲ။** ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက် ရပ်ကွက်၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
(ဂ) **စစ်တွေရုံးခွဲ။** ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**




## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်မေ(ကြီးမေ) (မန္တလေး)
## အသက် (၉၆)


မန္တလေးမြို့၊ ၂၉ လမ်း၊ ဒေါင်းရိုးရပ်နေ (ဦးပေါ-ဒေါ်အုန်းခင်)၊ (ဦးဖြိုး-ဒေါ်သိန်းတင်) တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၁၃)၊ ယိုးဒယားလမ်း၊ ၉ မိုင်၊ မရမ်းကုန်းနေ (ဦးကြီးမြင့်)၊ ဗိုလ်မှူးကြီး အုန်းမောင်မောင်(ငြိမ်း) ပါမောက္ခဌာနမှူး၊ ခွဲစိတ်ပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ် (မင်္ဂလာဒုံ)၊ ဦးမောင်ဖေ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြန်/ဆက်ဦးစီးဌာန-ဒေါ်လှမေမြင့်တို့၏ ချစ်လှစွာသော အစ်မကြီး၊ ကိုအောင်ပြည်စိုး-မမေသူဖေ(Aung Pyi Entertainment)၊ ဗိုလ်ကြီးအာကာဖေ ဆရက ၁/ ၁၀၀၀ (မင်္ဂလာဒုံ)၊ ကိုဝေယံဖေ (Square Age Creative) တို့၏ ကြီးဒေါ်၊ မရှင်းသန့်ဝေဖူး၏ အဘွားသည် ၁၈-၄-၂၀၂၀ ရက် (စနေနေ့) ညနေ (၅:၅၅) နာရီတွင် အမှတ် (၃၁၆၃)၊ သရဖီလမ်း၊ ဥတ္တရသီရိနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ ရက်၊ တနင်္လာနေ့၊ နေ့လယ် (၁၄: ၃၀)နာရီတွင် နေပြည်တော်ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု


## ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း

### ပါးစပ်နှင့်နှာခေါင်းအစ်၍ ပြုစုနည်း







အကယ်၍သူနာ၏ပါးစပ်တွင် ဒဏ်ရာရှိနေလျှင်ရင်း၊ ပုံ(၄)အတိုင်းလေမှုတ်သွင်းသော်လည်းရင်အုံကြွတက်မှုမရှိလျှင်ရင်း သူနာကိုပုံ(၁)အတိုင်းထား၍ သူနာ၏ ပါးစပ်ကိုလက်ဖြင့်ပိတ်ကာမိမိကအသက်ပြင်းပြင်းရှူပြီး သူနာ၏နှာခေါင်းကို ပါးစပ်ဖြင့်ငုံ၍ လေမှုတ်သွင်းပါ။


ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလွင်သိန်း (ခ) ဦးသိန်းလွင် (ခ) တန်လျောင်တိုတ်

ရွှေပုလဲသွင်းကုန်ထုတ်ကုန်လုပ်ငန်း (၁၉၉၅-၂၀၀၁)

### အသက် (၈၅) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ (ဦးစင်းငါး-ဒေါ်မြင့်နန်း)တို့၏သား၊ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးတော်ဝါး-ဒေါ်ကျင်မြို့င်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၁၃၁)နေ ဒေါ်အမ်အင်ကြည်၏ခင်ပွန်း၊ ဒေါက်တာမြတ်လွင်(ပါမောက္ခ-ငြိမ်း၊ အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်မြို့)-ဒေါက်တာသင်းသင်းမော်၊ ဒေါ်ညိုညိုလွင်၊ ဒေါ်သီသီလွင်(အောင်မှန်နာရီဆိုင်၊ သိမ်ကြီးဈေး-ဒီရုံ)တို့၏ဖခင်၊ ဒေါက်တာလွင်လွင်နိုင် (M.B.B.S-Ygn, MBA -UK, MSc International Health and Hospital Management-London, UK)၏အဘိုးသည် ၁၀-၄-၂၀၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံ၌ အသည်းရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ဦးလွင်သိန်းသည် ရန်ကုန်မြို့နန်ယန်တရုတ်အထက်တန်း(ကုက္ကိုင်း) ကျောင်းထွက်ဖြစ်ပြီး ရန်ကုန်မြို့၊ လသာလမ်းရှိ အိန်းချွမ်းတရုတ်ဘုရားကျောင်း(အတွင်းရေးမှူးချုပ်၊ ငြိမ်း)နှင့် စွန့်တေတရုတ်ဘုရားကျောင်းတို့တွင် ဘုရားကျောင်းဘုံလူကြီးအဖြစ်လည်းကောင်း၊ စွန့်တေဘုရားကျောင်းရှိ စွန့်တိမြောက် တရုတ်စာသင်ကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် (၁၃) နှစ်ကြာ မေတ္တာဖြင့် စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးခဲ့ပါသည်။ ကွယ်လွန်ခြင်းရက်လည်နေ့ဖြစ်သော မြန်မာသက္ကရာဇ် ၁၃၈၂ခုနှစ် နှစ်ဆန်းတစ်ရက်နေ့၊ ဧပြီလ ၁၇၊ ၂၀၂၀ ရက်တွင် နေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း၊ သင်္ကန်းများကို ကပ်လှူပြီး ငါးပါးသီလခံယူခြင်း၊ ပရိတ်တရားတော်နှင့်အနုမောဒနာတရားများ နာကြားပြီး ရေစက်သွန်းချအမျှပေးဝေပြီး ဖြစ်သောကြောင့် ပြုခဲ့သမျှ ကုသိုလ်အမှုအစုစုကို ပါပါး ဦးလွင်သိန်း ကောင်းမွန်ရာ ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

အားလုံးကြားကြားသမျှ . . . အမျှ အမျှ အမျှ

သာဓု သာဓု သာဓု ကျန်ရစ်သူမိသားစု



## (၅) နှစ်ပြည့် လွမ်းဆွတ်အမှျပေးဝေခြင်း
## ဒုတိယဗိုလ်မှူးကြီးသူရဇော်မျိုး

MA (Eng), (D.S.A-41)

ကြည်း-၃၁၄၈၀

(၁၉-၄-၂၀၁၅)မှ (၁၉-၄-၂၀၂၀)

မိဘဆွေမျိုးများကို သိတတ်သော၊ သူငယ်ချင်းများအား ခင်မင်တတ်သောသား တိုင်းပြည်တာဝန်ကျေပွန်ခဲ့သည့် ယနေ့ (၅)နှစ်ပြည့်နေ့တွင် သားအားရည်မှန်း၍ပြုခဲ့သော ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါသည်။

သာဓု-သာဓု-သာဓု

ဖေဖေ- တရားလွှတ်တော်ရှေ့နေ ဦးသိန်းထွန်း(အခွန်)
(မြို့နယ်အခွန်ဦးစီးမှူး-ပတာခ၊ ငြိမ်း)

မေမေ- ဒေါ်သန္တာတင်(CORAL TIN) မိသားစု


အာနိသင်

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ


## ဦးစိန်ဝင်း (ဖလေး)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ

### အသက် (၈၂) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာနေ (ဦးဘကြည်-ဒေါ်ကျင်မေ)တို့၏သားကြီး၊ အမှတ်(၇၂)၊ မြို့ပတ်(၅)လမ်း၊ မြို့မ(၁)ရပ်ကွက်၊ ဒလမြို့နယ်နေ (ဒေါ်ကလီ)၏ခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်ခင်အေးမူ၊ ဦးသန်းဝင်း-ဒေါ်ခင်သန်းမူ၊ ဦးအောင်နိုင်-(ဒေါ်မြင့်မြင့်နိုင်)တို့၏ဖခင်၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ (လက်ထောက်ကထိက၊ သားဖွားမီးယပ်ပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မောင်သီဟအောင်(DONG JIN Shipping Co., Ltd)၊ မောင်ကြည်စွမ်းထူး(Uniteam Marine Co., Ltd)၊ မယဉ်မြတ်နိုးလွင် (UIT၊ တတိယနှစ်)၊ မအင်ကြင်းမြင့်မြတ်စုတို့၏အဘိုး ဦးစိန်ဝင်းသည် ၁၈-၄-၂၀၂၀(စနေနေ့) နံနက် ၈:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ နေ့လယ်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု



## ဒေါ်ခင်လှ (တာပွန်/နတ္တလင်း)

ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)

အ.လ.က(၁) အင်းစိန်၊ အ.လ.က တော်ကလိပ်

အ.လ.က (၄)၊ အ.ထ.က(၄)၊ အ.ထ.က(၁) တ/ဥက္ကလာ

### အသက် (၈၂) နှစ်

ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဆင်ပေါင်ဝဲမြို့နေ (ဝဏ္ဏကျော်ထင်ဦးဘိုးမြိုင်-ဒေါ်သိန်းခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၇)၊ ကျော်သူ (၂၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းရှိန်)၏ ဇနီး၊ ဦးဌေးလွင် (မန်နေဂျာ၊ TMIT)-ဒေါ်အေးမြတ်ခိုင်(CSO/ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်သန္တာထွန်းတို့၏မိခင်၊ ကိုလျှမ်းပြည့်ဦး (P.I.L Shipping Line)၊ ကိုလွင်ထွန်းအေး (P.I.L Shipping Line)၊ မမေဘုန်းအောင် (Final Part I, UM-1) တို့၏ချစ်လှစွာသောအဘွားသည် ၁၇-၄-၂၀၂၀ (သောကြာနေ့) နံနက်ပိုင်းတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု


## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

“ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း”

“ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား”

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်သည့် မှိုစိုက်ပျိုးရေးနှိုးဆော်ချက်

၁။ ပြည်သူများ မိမိတို့၏အိမ်ခြံဝင်းအတွင်း အာဟာရပြည့်ဝ၍ အလွယ်တကူစိုက်ပျိုးနိုင်သည့် မှိုသီးနှံ(ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှို)တို့ကို မြေနေရာသီးသန့်မလိုဘဲ အိမ်ခြံဝင်းအတွင်း၌ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးထုပ်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂။ ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့ကို မိမိတို့အိမ်၏ နေရောင်ခြည်တိုက်ရိုက်မထိသော၊ လေပြင်းမတိုက်ခတ်သော အစိုဓာတ်ရှိသည့် ရေချိုးခန်းနှင့် မီးဖိုခန်းတို့တွင်ထားရှိ၍ အလွယ်တကူစိုက်ပျိုးနိုင်၍ စတင်စိုက်ပျိုးပြီး (၇-၁၀)ရက်အတွင်း ဆွတ်ခူးစားသုံးနိုင်ပါသည်။ မှိုမျိုးထုပ်တစ်ထုပ်လျှင် (၃-၄) ကြိမ်အထိ ဆွတ်ခူးနိုင်ပြီး တစ်ကြိမ်လျှင်အများဆုံး (၁၀)ကျပ်သားအထိ ထွက်ရှိနိုင်ပါသည်။

၃။ စိုက်ပျိုးရေးဦးစီးဌာန၏ မှိုသုတေသနနှင့် မျိုးပွားခြံများတွင် ငွေနှင်းမှိုမျိုးထုပ်(၂၇၇၅၀)နှင့် ကြွက်နားရွက်မှိုမျိုးထုပ်(၁၃၇၅၀)ခန့် ထုတ်လုပ်ထားရှိပြီးဖြစ်သဖြင့် မိမိတို့၏ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးရန်အတွက် မှိုမျိုးထုပ်နှင့် နည်းပညာများလိုအပ်ပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ (၉)မိုင် မှိုခြံ(ဖုန်း-၀၉၄၀၂၅၆၈၉၀၁)၊ ညောင်နှစ်ပင်မှိုခြံ (ဖုန်း-၀၉၄၄၄၀၃၃၃၅၅)၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၁၀)မိုင် မှိုခြံ(ဖုန်း-၀၉၄၂၀၁၇၇၁၁၅)၊ ကျောက်တိုင်မှိုခြံ (ဖုန်း-၀၉၄၂၁၁၅၂၇၆၅)၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မှိုခြံ (ဖုန်း-၀၉၄၂၆၆၅၉၇၃၅) တို့တွင် ဆက်သွယ်စုံစမ်း ဝယ်ယူစိုက်ပျိုးနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုးထွန်ယက်ခြင်းနှင့် ထွက်ရှိလာသောသီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင်လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ဒုတိယညွှန်ကြားရေးမှူး | - | ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈ |
| လက်ထောက်ညွှန်ကြားရေးမှူး | - | ၀၉-၂၅၆၀၈၈၅၂၅ |
| ဦးကျော်ဆန်း (အတွင်းရေးမှူး) | - | ၀၉-၄၂၀၇၅၀၁၈၄ |
| အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု ကော်မတီ (ပျဉ်းမနား) | | |
| ဦးသန်းနွဲ့(အတွင်းရေးမှူး) | - | ၀၉-၇၉၈၃၄၃၆၂၂ |
| လယ်ဝေးမြို့နယ်သမဝါယမအသင်းစု | | |
| ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) | - | ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅ |
| လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း | | |

**သမဝါယမဦးစီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၇ မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၃၈/၂၀၂၀**

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပြန့်နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) တောင်ဥက္ကလာပမြို့နယ်၊
(ခ) ပန်းဘဲတန်းမြို့နယ်၊
(ဂ) ဗဟန်းမြို့နယ်၊
(ဃ) မရမ်းကုန်းမြို့နယ်၊
(င) အင်းစိန်မြို့နယ်၊
(စ) ရွှေပြည်သာမြို့နယ်၊
(ဆ) လှိုင်သာယာမြို့နယ်။

၃။ အဆိုပါ မြို့နယ် ၇ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွှန် သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၁၈–၄–၂၀၂၀ ရက်၊ ညနေ ၆ နာရီအချိန်မှ စတင်သက်ရောက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်ပစ္စည်း(၅)မျိုးကို ဆက်လက်ထောက်ပံ့သွားမည်

**စစ်ကိုင်း ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျန်ရှိသည့် အိမ်ထောင်စု ၄၃၀၁၈ စုအတွက် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၃၇ မြို့နယ်တွင် ထောက်ပံ့ရမည့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၄၄၂၇၀၅ စုရှိပြီး အိမ်ထောင်စု ၃၉၉၆၈၇ စုကို ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၇ ရက်က သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖြန့်ဝေရေးကော်မတီတို့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အတာသင်္ကြန်ကာလတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၈

| | | | |
|---|---|---|---|
| ချောက် | ၄၆ ဒီဂရီစင်တီဂရိတ် | မကွေး | ၄၂ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်း | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ ဒီဂရီစင်တီဂရိတ် | တောင်ငူ | ၄၂ ဒီဂရီစင်တီဂရိတ် |



## အီတလီဘောလုံးအဖွဲ့ချုပ်က ကလပ်အသင်းပြိုင်ပွဲများ မေလကုန်တွင် ကျင်းပနိုင်မည်ဟု မျှော်လင့်

အီတလီဘောလုံးအဖွဲ့ချုပ်အနေနဲ့ နိုင်ငံအတွင်းရှိ ကလပ်အသင်းတွေရဲ့ ဘောလုံးပြိုင်ပွဲတွေကို မေလကုန် ဇွန်လအစပိုင်းမှာ ပြန်လည်စတင်နိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

အီတလီကလပ်အသင်းတွေအနေနဲ့ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ချမှတ်ထားတဲ့ အသွားအလာကန့်သတ်မှုတွေကို အဆုံးသတ်ပြီးချိန်နောက်ပိုင်းမှာ ပြင်ဆင်ချိန် သီတင်းသုံးပတ် ရရှိမှာဖြစ်ကြောင်း

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻

## ဆီဆိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ဆီဆိုင် ဧပြီ ၁၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဧပြီ ၁၈ ရက် နံနက် ၉ နာရီခွဲက ကိုရိုနာဗိုင်းရပ်စ် ရောဂါ ကာကွယ်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဖြန့်ဝေ**

လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လမ်းသွားလမ်းလာများ၊ ပျံကျဈေးသည်များ၊ သုံးဘီးမောင်းသူများ ထံသို့ သွားရောက်၍ "နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ"နှင့် "ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ဖို့ မောင်တို့မယ်တို့ လိုက်နာစို့" စသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)



**ကြေးမုံ ယနေ့ ဖတ်စရာ**

ညီညွတ်ခြင်းဖြင့်သာ ကိုရိုနာဗိုင်းရပ်စ်ကို အောင်မြင်စွာ တိုက်ဖျက်နိုင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား




စာမျက်နှာ » ၁၂



သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်လယ်သမားများအား ဒေါ်လာ ၁၉ ဘီလီယံ ထောက်ပံ့မည့် အစီအစဉ် ကြေညာ

စာမျက်နှာ » ၁၃

ကွင်းလယ်ကစားသမား ပေါ့ဘာ မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုမည်ဟု ဆို



စာမျက်နှာ » ၂၃